# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၁၄၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာဆောင်ရွက်နေမှုအခြေအနေများကိုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်ပြီး မှာကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများလိုက်ပါ၍ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများကို စစ်ဆေးသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❐





မြန်မာ့အလင်း

## ဆွဲယူခြင်းအကြောင်းတရားတို့ ဖန်တီး

မကြာသေးမီ ရက်သတ္တပတ်များအတွင်းက အိမ်နီးချင်းနိုင်ငံများတွင် ရွှေ့ပြောင်းအလုပ်သမားအဖြစ် လုပ်ကိုင်ရန် တရားမဝင်လမ်းကြောင်းများမှ သွားရောက်ခဲ့ကြသည့် မိမိတို့နိုင်ငံသားများ တစ်သုတ်ပြီးတစ်သုတ် ဖမ်းဆီးခံခဲ့ကြရသည့် သတင်းများကို တွေ့ရှိရသည်။ တစ်ဖက်နိုင်ငံမှ တရားမဝင် လူဝင်လူထွက်မှုများကို တင်းတင်းကျပ်ကျပ် ကိုင်တွယ်လုပ်ဆောင်နေကြောင်း သတင်းများ ထွက်ပေါ်နေသည့်ကြားမှပင် လူပွဲစားတို့၏ မမှန်မကန် ဖြားယောင်းမှုကို ယုံကြည်ပြီး သွားခဲ့ကြသူများ ဒုက္ခတွေ့ကြရခြင်းပင်ဖြစ်သည်။

အိမ်နီးချင်းနိုင်ငံအချို့ရှိ တရားမဝင် အလုပ်သမားဈေးကွက်များဆီသို့ သွားရောက်ကြသူအများစုမှာ ကျေးလက်ဒေသများမှ လူငယ်အမျိုးသား၊ အမျိုးသမီးများဖြစ်သည်။ ၎င်းတို့ လုပ်ကိုင်ကြရသည့် အလုပ်များမှာ ကျွမ်းကျင်အလုပ်သမားများအဖြစ် ထိုက်ထိုက်တန်တန် လုပ်ကိုင်ကြရခြင်းမဟုတ်ဘဲ တစ်ဖက်နိုင်ငံသားတို့ မလုပ်လိုကြသည့် ပင်ပန်းဆင်းရဲကြမ်းတမ်းသည့် အလုပ်များ၊ ညစ်ပတ်သည့်အလုပ်၊ အန္တရာယ်ရှိသည့်အလုပ်များ အပါအဝင် အဆင့်နိမ့်အလုပ်များတွင် လုပ်ကိုင်နေကြခြင်းဖြစ်သည်။ သို့ရာတွင် ပြည်တွင်းရှိ ကျေးလက်ဒေသများတွင် လုပ်ကိုင်ရသောအလုပ်နှင့် ရရှိနိုင်သောဝင်ငွေထက် တစ်ဖက်နိုင်ငံတွင် လုပ်ကိုင်ရသော အလုပ်နှင့် ရရှိနိုင်သောဝင်ငွေကို ပို၍မက်မောခြင်းကြောင့်လည်း တရားဝင်နည်းလမ်းဖြင့်ဖြစ်စေ၊ တရားမဝင်နည်းလမ်းများဖြင့်ဖြစ်စေ ထွက်ခွာသွားရောက်နေကြခြင်းဖြစ်သည်။

ဤတွင် တွန်းထုတ်ခြင်း (Push Factor)နှင့် ဆွဲယူခြင်း (Pull Factor) ဟူ၍ ရွှေ့ပြောင်းအခြေချခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းတရားနှစ်ရပ်ရှိရာ မိမိတို့၏ နေရင်းဒေသတွင် အလုပ်အကိုင်အခွင့်အလမ်း ကင်းမဲ့နေခြင်း၊ စီးပွားရေးကျဆင်းနေခြင်း၊ ကုန်ထုတ်လုပ်မှု ကျဆင်းနေခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်း၊ တိုးတက်ရန် အခွင့်အလမ်းမရှိခြင်း၊ သဘာဝသယံဇာတများ ကုန်ခန်းနေခြင်း စသည့် အကြောင်းအရာများက လူတစ်ယောက်ကို ၎င်း၏နေရပ်အား စွန့်ခွာစေသည့်အကြောင်းရင်းများ ဖြစ်ကြသည်။ တွန်းထုတ်ရာဒေသမှ ထွက်ခွာသူသည် အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန်ခြင်း၊ လုပ်ခလစာမြင့်မားခြင်း၊ လိုအပ်သည့် အထောက်အကူပစ္စည်းများစုံလင်၍ လုပ်ငန်းခွင်အခြေအနေကောင်းမွန်ခြင်း စသည့်ဆွဲယူခြင်း (Pull Factor) များရှိသည့်ဒေသ၊ နိုင်ငံဆီသို့ ရွှေ့ပြောင်း၍ အသက်မွေးဝမ်းကျောင်းပြုကြခြင်းဖြစ်သည်။

ဤနည်းဖြင့် မြန်မာနိုင်ငံ အနှံ့အပြား ကျေးလက်ဒေသများမှ လူငယ်လူရွယ်အများအပြားမှာ အလုပ်လုပ်နိုင်သည့်အရွယ်သို့ ရောက်သည်နှင့် ပညာဆက်လက်သင်ယူခြင်းမပြုတော့ဘဲ နေရပ်ကို စွန့်ခွာ၍ ရွှေ့ပြောင်းအလုပ်သမားဘဝကို ခံယူလိုက်ကြသည်။ လက်တွေ့မျက်မြင်အရလည်း အိမ်နီးချင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်ရာမှ အဆင်ပြေနေသူတို့က ရပ်ရွာအတွင်း လူမှုဘဝ ပိုမိုမြင့်မားလာသည်ကို တွေ့ရှိရသည့်အခါ လူငယ်များစွာတို့ ဤလမ်းကြောင်းကို လိုက်လာကြပြီး တရားမဝင်လူမှောင်ခို၊ လူပွဲစားတို့၏ သွေးဆောင်ဖြားယောင်းမှုကို ခံကြရခြင်းဖြစ်သည်။ မိမိနိုင်ငံမှ လူသားအရင်းအမြစ်များကို ကောင်းစွာ စီမံခန့်ခွဲနိုင်မှသာ တန်ဖိုးရှိသော လူ့စွမ်းအားများအဖြစ် နိုင်ငံဖွံ့ဖြိုးရေးအတွက် အသုံးပြုနိုင်မည်ဖြစ်သည့်အလျောက် ကျေးလက်ဒေသများတွင် ရှိနေသော Push Factor များကို ပြုပြင်ပြောင်းလဲနိုင်ကြရမည်ဖြစ်သည်။

နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းရှိနေသော ကျေးလက်ဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ ကျေးလက်ဒေသစီးပွားရေးကို မြှင့်တင်ခြင်း၊ စိုက်ပျိုးမွေးမြူကုန်ထုတ်လုပ်မှုများ မြင့်မားလာအောင် အားပေးခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသနေပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်းဖြင့် ဆွဲယူခြင်း (Pull Factors) အကြောင်းတရားတို့ကို ဖန်တီးပေးခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုလည်း လျော့ကျစေ၊ ကျေးလက်လူနေမှုဘဝများလည်း မြင့်မားစေမည်ဟု ယုံကြည်ပါကြောင်း။ ။

## (၇၇) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေး လုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး South Asia Future Investment Group Pte.Ltd မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့မွန်းလွဲပိုင်းက တရုတ်နိုင်ငံ ချုံချင့်မြို့အခြေစိုက် South Asia Future Investment Group Pte. Ltd မှ ဥက္ကဋ္ဌဖြစ်သူ Mr. Zhang Jun နှင့် အဖွဲ့အား နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန၌ တွေ့ဆုံသည်။ (ယာပုံ)

ထိုသို့ တွေ့ဆုံရာတွင် South Asia Future Investment Group Pte. Ltd မှ မြန်မာနိုင်ငံ၌ ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်တင်ပို့မှု၊ အိမ်ခြံမြေကဏ္ဍ ရင်းနှီးမြှုပ်နှံမှု၊ မြို့ပြအခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးရေး၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး၊ အွန်လိုင်းမှတစ်ဆင့် မြန်မာ့ထွက်ကုန်များ ရောင်းချရေးနှင့် ကျောက်မျက်ရတနာ လုပ်ငန်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဆောင်ရွက်ရေးနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့အပြင် နိုင်ငံတကာမှ ကုန်ပစ္စည်းများကို မြန်မာနိုင်ငံ၊ ရန်ကုန် ဆိပ်ကမ်းမှတစ်ဆင့် နယ်စပ်ကို ဖြတ်သန်းကာ တရုတ်နိုင်ငံ တောင်ပိုင်းနှင့် အနောက်ပိုင်းရှိ ပြည်နယ်များသို့ ဆက်လက်ဖြန့်ဖြူးနိုင်ရေးအတွက် ကုန်သွယ်ရေးလမ်းကြောင်းသစ်ကို စတင်အကောင်အထည်ဖော်ရေး ကိစ္စများကို ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အဆင့်မြင့်အရာရှိကြီးများနှင့်တာဝန်ရှိသူများ၊ ကုမ္ပဏီမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **သတင်းစဉ်**



## (၁၂) ကြိမ်မြောက် မဲခေါင်စာပေဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ (၁၂)ကြိမ်မြောက် မဲခေါင်စာပေဆု ရွေးချယ်ရေးအဖွဲ့သည် ပြိုင်ပွဲဝင်စာအုပ်များ ဖိတ်ခေါ်၍ အပြီးသတ် စိစစ်ရွေးချယ်ခဲ့ရာ ဝတ္ထုတိုပေါင်းချုပ်ဆုကို **"အကြီးကိုကို(ကသာ)"** (ဦးဇော်ဝင်းအောင်) ရေးသားသည့် **"ပြိုပျက်ခဲ့သော သက္ကရာဇ်များ" (Anthology of Ruined Eras)** ကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုကို **"စလင်းဘုန်းကျော်"**(ဦးသန်းအေး)ရေးသားသည့် **"နွေဦးအော်ပရာကဗျာများ" (Spring Opera Poems)** ကလည်းကောင်း ဆုရရှိကြောင်း ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ဗီယက်နမ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် တရုတ် (ယူနန်ပြည်နယ်)နိုင်ငံတို့ ပါဝင်သည့် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများအတွက် ချီးမြှင့်မည့် (၁၂) ကြိမ်မြောက် မဲခေါင်စာပေဆု ချီးမြှင့်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် အလှည့်ကျတာဝန်ယူရမည့် လာအိုနိုင်ငံ၏ အစီအစဉ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❂ ဒေသတွင်း လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေနိုင်သည့် မှန်သမျှကို ကာကွယ်တားဆီးနိုင်ရေး ဆောင်ရွက်

❖ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ လျော့နည်းစေရေး လုပ်ဆောင်နေခြင်းသည် အမျိုးသားအကျိုးစီးပွားကို ကာကွယ်နေခြင်းပင်ဖြစ်

❒ ရှေ့ဖုံးမှ

ဦးစွာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းက တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေမှု၊ နယ်စပ်ဒေသများတွင် နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးဆိုင်ရာများ ဆောင်ရွက်ထားရှိမှု၊ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိမှု၊ ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့် နယ်မြေဒေသလုံခြုံရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု၊ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်မှု၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ပိတ်ထားရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**အမျိုးသားအကျိုးစီးပွားကို ကာကွယ်နေ**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေသည် သွားလာရေးအခက်အခဲရှိသည့် တိုင်းစစ်ဌာနချုပ်တစ်ခုဖြစ်ပြီး မိမိကိုယ်တိုင်လည်း တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် နယ်မြေတစ်ခုဖြစ်ကြောင်း၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အောင်မြင်အောင် လုပ်ဆောင်နိုင်ရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့သည့် ကာလများတွင်လည်း တြိဂံဒေသတိုင်း စစ်ဌာနချုပ်နယ်မြေသည် အလှမ်းဝေးသည့် နယ်မြေဒေသတစ်ခုဖြစ်သဖြင့် ဆေးပစ္စည်းများ အချိန်မီပို့ဆောင်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ဒေသတွင်း လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေနိုင်သည့် မှန်သမျှကို ကာကွယ်တားဆီးနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ လျော့နည်းစေရေး လုပ်ဆောင်နေခြင်းသည် အမျိုးသားအကျိုးစီးပွားကို ကာကွယ်နေခြင်းပင်ဖြစ်ကြောင်း။

တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များအနေဖြင့် တိုက်စွမ်းရည်၊ တိုက်စွမ်းအားပြည့်ဝနေရန် လိုအပ်မည်ဖြစ်ပြီး တပ်ရင်းတပ်ဖွဲ့အလိုက် လေ့ကျင့်ရမည်ဖြစ်သကဲ့သို့ လေ့ကျင့်ရေးသင်တန်းကျောင်းများကလည်း အမြဲမပြတ်လေ့ကျင့်ပေးနေရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဆင့်ဆင့်သောခေါင်းဆောင်များကိုယ်တိုင်က စည်းကမ်းကောင်းမှသာလျှင် စည်းကမ်းကောင်းမွန်ပြီး တိုက်စွမ်းရည် တိုက်စွမ်းအားကောင်းမွန်သည့်တပ်များ ဖြစ်လာမည်ဖြစ်ကြောင်း၊ ညီညွတ်မှုတပြီး တပ်မှူးကောင်းစိတ်ထား၍ မိမိတို့၏ လက်အောက်ငယ်သားများကို အုပ်ချုပ်ဆောင်ရွက်ရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်း၏ ရပိုင်ခွင့်များနှင့် သက်သာချောင်ချိမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရမည် ဖြစ်ကြောင်း၊ တပ်မှူးများအနေဖြင့် စစ်သည်တစ်ဦးချင်း၏ အခြေခံစိတ်နေသဘောထားများကို သိရှိနေမှသာလျှင် လူမှန်နေရာမှန် တာဝန်ပေးအပ်နိုင်မည်ဖြစ်ပြီး ၎င်းတို့၏ အားနည်းချက်၊ လိုအပ်ချက်များကိုလည်း မြှင့်တင်ဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း၊ လက်အောက်ငယ်သားများအနေဖြင့်လည်း လိုက်နာရမည့် ကျင့်ဝတ်အပါး ၆၀ ကို တိတိကျကျလိုက်နာကျင့်သုံးရန်လိုအပ်မည်ဖြစ်ကြောင်း။

**အားပေးဆောင်ရွက်လျက်ရှိ**

ခေါင်းဆောင်များအနေဖြင့် မိမိကိုယ်တိုင် စာဖတ်ရန်လိုအပ်သကဲ့သို့ မိမိကွပ်ကဲအုပ်ချုပ်နေရသူများ၏ ပညာရည်အဆင့်အတန်းမြင့်မားရေးအတွက်လည်း အားပေးဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ စာပေဗဟုသုတရှိမှသာလျှင် အမှားအမှန် ခွဲခြား သိမြင်နိုင်မည်ဖြစ်ပြီး တစ်ဦးချင်းကြုံတွေ့လာရသည့်အခက်အခဲများကို ကျိုးကြောင်းဆီလျော်စွာဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း တပ်မတော်တစ်ရပ်လုံး၏ ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း။

**ထိန်းသိမ်းတည့်မတ်ပေး**

စွမ်းရည်စွမ်းအားရှိသောတပ် ဖြစ်လာစေရေးအတွက် ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည်ဖြစ်သောကြောင့် တပ်မှူးများအနေဖြင့် ခေါင်းဆောင်မှု အင်္ဂါရပ် ၁၆ ချက်နှင့်အညီ ချိန်ထိုးသုံးသပ် ဖြည့်ဆည်းဆောင်ရွက်ရန် လိုကြောင်း၊ တပ်မတော်က စစ်သည်တစ်ဦးချင်း၏ စားရေး၊ နေရေး၊ ဝတ်ရေး၊ ကျန်းမာရေးတို့ကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်သည့်အတွက် ၎င်းတို့၏ လူနေမှုဘဝမြှင့်တင်ရေးနှင့် စည်းကမ်းစနစ်တကျနေထိုင်သွားလာစားသောက်မှုဖြစ်စေရေးအတွက် အနီးကပ်ကွပ်ကဲနေရသည့် တပ်မှူးများက ထိန်းသိမ်းတည့်မတ်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ စစ်သားပီသသည့် စစ်ခေါင်းဆောင်များဖြစ်အောင် နေထိုင်ကျင့်ကြံကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ နယ်မြေခံပြည်သူလူထု၏ အကျိုးစီးပွားကိုလည်း ဖော်ဆောင်ပေးရန်လိုကြောင်း၊ ပညာရေးအားပေးမှုနည်းပါးသည့် နယ်မြေဒေသ ဖြစ်သည့်အတွက် ပညာရည်အဆင့်အတန်းမြင့်မားလာစေရေး တွန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးရေး၊ နယ်မြေခံလူထု၏ အကျိုးစီးပွားဖော်ဆောင်ရေးတို့ကို တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**"ခေါင်းဆောင်များအနေဖြင့် မိမိကိုယ်တိုင် စာဖတ်ရန် လိုအပ်သကဲ့သို့ မိမိကွပ်ကဲအုပ်ချုပ်နေရသူများ၏ ပညာရည် အဆင့်အတန်းမြင့်မားရေးအတွက်လည်း အားပေးဆောင်ရွက်နေရမည်ဖြစ်၊ စာပေဗဟုသုတရှိမှသာလျှင် အမှားအမှန် ခွဲခြားသိမြင်နိုင်မည်ဖြစ်ပြီး တစ်ဦးချင်းကြုံတွေ့လာရသည့်အခက်အခဲများကို ကျိုးကြောင်းဆီလျော်စွာဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်၊ တပ်မတော်အနေဖြင့်လည်း တပ်မတော်တစ်ရပ်လုံး၏ ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်လျက်ရှိ"**

## ရောဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အစည်းအဝေးခန်းမများ၌ ပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဧရာဝတီတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များနှင့် တိုင်းမှူးတို့က အဖွင့်အမှာစကားများပြောကြားကြသည်။ ထို့နောက် အစည်းအဝေးတွင် တက်ရောက်လာကြသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရသေ့တောင်မြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေးသရုပ်ပြလေ့ကျင့်

**ရသေ့တောင် ဖေဖော်ဝါရီ ၁၆**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့၌ သဘာဝဘေးအန္တရာယ်နှင့် အခြားဘေးအန္တရာယ်များကျရောက်ပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက ရသေ့တောင်မြို့အဝင် ချောင်းတွင် ပြုလုပ်သည်။

ထိုသို့ အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေးသရုပ်ပြလေ့ကျင့်ရာတွင် ရသေ့တောင်မြို့နယ် မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်ချမ်းသာ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြလေ့ကျင့်ကြသည်။

ယင်းနောက် ရေယာဉ်များဖြင့် ပြည်သူများမှ ခရီးသွားလာရာတွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ်များကို အသိပညာပေးပြောကြားပြီး အသက်ကယ်အင်္ကျီဝတ်ဆင်ခြင်းနည်းစနစ်များကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့သည်။

အဆိုပါ လေ့ကျင့်သရုပ်ပြခြင်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းထက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်စံထွန်း(ပြန်/ဆက်)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ

## စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ယှဉ်တွဲဆောင်ရွက်ပြီး ဒေသတွင်းဖူလုံလာပါက အနီးနားရှိ ဒေသများနှင့် အိမ်နီးချင်းနိုင်ငံများသို့ အရည်အသွေးမြင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ တင်ပို့နိုင်မည်ဖြစ်သဖြင့် ဒေသခံများ၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ယနေ့တွင် မိုင်းခတ်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့ရှိ အထွေထွေ အုပ်ချုပ်ရေးမှူးရုံးခန်းမများ၌ သီးခြားစီတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

### တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မိုင်းခတ်မြို့နယ်၊ မိုင်းယန်းမြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့မှ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရှမ်း၊ လားဟူ၊ အာခါ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

### ရှင်းလင်းတင်ပြ

ဦးစွာ ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်း၊ မိုင်းခတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိုး၊ မိုင်းယောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမြတ်သူ၊ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် မြို့မိမြို့ဖများက ဒေသဆိုင်ရာအချက်အလက်များ၊ မိုင်းခတ်မြို့ပေါ် သောက်သုံးရေလိုအပ်ချက်၊ ပညာရေးဝန်ထမ်းလိုအပ်ချက်၊ မိုင်းခတ်မြို့အဝင်လမ်းနှင့် မိုင်းခတ်-မိုင်းညှင်းလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးရေး၊ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးဆောင်ရွက်နေသည့် အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ မိုင်းယောင်းမြို့၏ အထင်ကရနေရာတစ်ခုဖြစ်သည့် ရှေးဟောင်းသမိုင်းဝင် ထပ်လုံစေတီတော်သွားလမ်း၊ ယမ်းပုန်း-ဝမ်ဖြတ်-ဝမ်ယွတ် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်တင်ပေးစေလိုသည့် အခြေအနေ၊ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေစီးဆင်းမှုကြောင့် ပြိုကျပျက်စီးနေသည့် နမ့်ဖွန်ချောင်းကူး ဒွန်းနွဲ့တံတားအား သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည်ပြုပြင်ပေးစေလိုသည့်အခြေအနေနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

### ပြန်လည်ရှင်းလင်း

တင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးလှမိုး၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဒေါက်တာ ညွန့်ဖေ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းတို့က သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားရာ ကျေးလက်ချင်းဆက်လမ်းနှင့် ရွာတွင်းလမ်းများကို အဆင့်

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ မိုင်းခတ်မြို့နယ်အတွင်း သောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ ပညာရေးဝန်ထမ်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပညာရေးဝန်ထမ်းများကို ခေါ်ယူထားရှိသည့်အခြေအနေနှင့် လိုအပ်သည့်နေရာဒေသများကို အမြန်ဆုံးဖြည့်ဆည်းခန့်အပ်ပေးသွားမည့် အခြေအနေများကို ပြန်လည်ဆွေးနွေးပြောကြားကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းဒေသအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ အုပ်ချုပ်ရေးမှူးက လက်ခံရယူစဉ်။

- ◆ **မိုင်းခတ်ဒေသနှင့် မိုင်းယောင်းဒေသတို့သည် ယခင်ကထက် များစွာဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရပြီး ရောင်းဝယ်ဖောက်ကားမှုများ ပိုမိုကောင်းမွန်လျက်ရှိသည်ကို တွေ့ရှိရ**
- ❖ **သို့သော်လည်း ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှိပြီးသားဖြစ်သည့် မြေ၊ ရေ သယံဇာတများကို အကျိုးရှိအောင် အသုံးချနိုင်ရမည်ဖြစ်**

## ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ပြောကြားရာ၌ မိမိအနေဖြင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးတာဝန်ထမ်းဆောင်စဉ် မိုင်းခတ်နှင့် မိုင်းယောင်းဒေသသို့ အကြိမ်ကြိမ်ရောက်ရှိခဲ့ဖူးကြောင်း၊ မိုင်းညှင်းလမ်းကို စတင်ဖောက်လုပ်ရာတွင် များစွာကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ လမ်းအဆင့်မြှင့်တင်ခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိုင်းခတ်မြို့ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် နမ့်လွေချောင်းမှရေကို ခေတ်မီနည်းစနစ်များဖြင့် သန့်စင်၍ သုံးစွဲနိုင်မည်ဆိုပါက သောက်သုံးရေလုံလောက်စွာရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် နမ့်လွေချောင်းတွင် ရေအားလျှပ်စစ်စီမံကိန်းတစ်ခုကို သုတေသနပြုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လမ်းအဆင့်မြှင့်တင်ရန် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ယခုရောက်ရှိသည့် အချိန်တွင် မိုင်းခတ်ဒေသနှင့် မိုင်းယောင်းဒေသတို့သည် ယခင်ကထက် များစွာဖွံ့ဖြိုးတိုးတက်လာသည်ကိုတွေ့ရှိရပြီး ရောင်းဝယ်ဖောက်ကားမှုများ ပိုမိုကောင်းမွန်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် ဝမ်းမြောက်မိပါကြောင်း၊ သို့သော်လည်း ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှိပြီးသားဖြစ်သည့် မြေ၊ ရေ သယံဇာတများကို အကျိုးရှိအောင် အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ မိုင်းယောင်းဒေသသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ စပါးကျီဖြစ်ပြီး စပါးအပြင် အခြားသီးနှံများ စိုက်ပျိုးမှုများကိုလည်း လုပ်ဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ရေခံမြေခံကောင်းပြီးဖြစ်သဖြင့် အရည်အသွေးပြည့်မီသည့် ဆန်ထွက်ကုန်များကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိုးတွင်း၌သာမက အခြားရာသီများတွင်လည်း ရေသွင်းစိုက်ပျိုးနိုင်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်း Agricultural Base Industry သို့ သွားနိုင်ရေး လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဆန်ကိုအခြေခံသည့် ထုတ်ကုန်နှင့် အခြားအဆင့်မြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ ရော်ဘာစိုက်ပျိုးမှုနှင့် ပတ်သက်၍ ဒေသခံများ၏ စီးပွားရေးလုပ်ငန်းများဖြစ်ရန်လိုပြီး ဒေသခံများ၏ အမည်ခံ၍ အခြားသူများမှ လာရောက်လုပ်ကိုင်မှုများမရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စနစ်တကျလှောင်မွေးသည့်စနစ်ဖြင့် မွေးမြူပါက စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သည့် ဇီဝမြေသြဇာများကိုရရှိနိုင်မည်ဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အထွက်နှုန်းတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ စနစ်တကျ မွေးမြူခြင်းဖြင့် အသားအထွက်နှုန်းတိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ယှဉ်တွဲဆောင်ရွက်ပြီး ဒေသတွင်းဖူလုံလာပါက အနီးနားရှိ ဒေသများနှင့် အိမ်နီးချင်းနိုင်ငံများသို့ အရည်အသွေးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ တင်ပို့နိုင်မည်ဖြစ်သဖြင့် ဒေသခံများ၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

❑ **လုံခြုံရေးအရတည်ငြိမ်အောင်၊ နိုင်ငံရေးအရ ငြိမ်းချမ်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးမတည်ငြိမ်မှုများရှိပါက နိုင်ငံတိုးတက်မှုရှိမည် မဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေး၊ လူမျိုးရေးများနှင့် ပတ်သက်၍ လက်နက်ကိုင်ဆောင်ရွက်ခြင်းကို အားမပေးပါကြောင်း၊ ဒီမိုကရေစီအရေးဆောင်ရွက်ရာတွင် နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းအဖြေရှာရေးလမ်းစဉ်ကိုသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ညီရင်းအစ်ကိုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလို**

စီးပွားရေးကောင်းမွန်အောင် ဆောင်ရွက်ရာတွင် ရေခံမြေခံကောင်းမွန်ပြီးဖြစ်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်၍ရကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အသိပညာနှင့်အတတ်ပညာများ လိုအပ်သဖြင့် ပညာရေးကိုအားပေးရန်လိုကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ချင်းပြည်နယ်တို့သည် ပညာရေးအားပေးမှုနည်းပါးပြီး ဘာသာစကား ကန့်သတ်ချက်၊ သွားလာမှုအခက်အခဲများရှိသည်ဖြစ်သော်လည်း ပညာရေးကို အားပေးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိဘများကလည်း မိမိတို့သားသမီးများ၏ ပညာရေးကို အားပေးရန်လိုအပ်သကဲ့သို့ စီးပွားရေးတိုးတက်အောင်လည်း လုပ်ဆောင်ကြရန်လိုကြောင်း၊ မိမိအနေဖြင့် ရောက်ရှိသည့်နေရာတိုင်းတွင် ပညာရေးကို အားပေးဆောင်ရွက်ရေးအတွက် အမြဲတစေတိုက်တွန်းပြောကြားခဲ့ပြီး လိုအပ်သည်များကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျောင်းသားကျောင်းသူများ ပညာသင်ကြားနိုင်ရေး အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များကို ပြန်လည်ဖွင့်လှစ်ပေးထားပြီး ပညာတတ်များပေါ်ကြွယ်ဝရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးနှင့်ကျန်းမာရေးဝန်ထမ်းများသည် ပညာရပ်ဆိုင်ရာများအလိုက် မွေးထုတ်ပေးထားသည့် ဝန်ထမ်းများဖြစ်ကြောင်း၊ နိုင်ငံရေးအခြေအနေကြောင့် CDM ပြုလုပ်သွားသည့် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများကို ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ တာဝန်ပြန်လည်ထမ်းဆောင်ရေးအတွက်လည်း တိုက်တွန်းဆောင်ရွက်လျက်ရှိကြောင်း၊ အတန်းပညာများကို သင်ကြားပေးနေသည့် ဆရာ၊ ဆရာမများအနေဖြင့် အရည်အချင်းပြည့်ဝရန်လိုအပ်သကဲ့သို့ ကျောင်းသားကျောင်းသူများအနေဖြင့်လည်း စနစ်တကျဖြင့် ကြိုးစားသင်ယူရန်လိုကြောင်း၊ ကျောင်းသား၊ မိဘ၊ ဆရာနှင့် အုပ်ချုပ်သူများအားလုံး ပါဝင်ဆောင်ရွက်မှသာ ပညာရေးမြင့်မားလာမည်ဖြစ်ကြောင်း၊ အလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်ပြီးပါက စိုက်ပျိုးမွေးမြူရေးနှင့်သက်ဆိုင်သည့် ပညာရပ်များ သင်ယူရန်အတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် တက္ကသိုလ်ပညာရပ်များကို အဆင့်ဆင့် တက်ရောက်သင်ယူရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ပညာသင်ယူရာတွင်လည်း ကျိုင်းတုံမြို့ရှိ တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြား၍ရကြောင်း၊ ပညာရပ်ပိုင်းဆိုင်ရာများအလိုက် ထူးချွန်သူများ ပေါ်ထွန်းလာစေရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ပညာသင်ကြားရေးနှင့်ပတ်သက်၍ တတ်နိုင်သည့်ဘက်မှ အားပေးဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဒေသတွင်းမှ ပညာတတ်အရင်းအမြစ်များ ပေါ်ထွက်လာစေရေး အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့ နိုင်ငံနှင့် ဒေသတိုးတက်ရေးအတွက် ပညာရည်မြင့်မားရေးဆိုင်ရာကိစ္စရပ်များကို ဒေသခံပြည်သူများအားလုံးက ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ဒေသစီးပွားတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်၍ရကြောင်း၊ ယခုဒေသသည် ယခင်ကမူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် နာမည်ဆိုးများရှိခဲ့သော်လည်း သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တပ်မတော်မှ တားဆီးဆောင်ရွက်ခဲ့မှုများကြောင့် ယခုအခါ နည်းပါးသွားပြီဖြစ်ကြောင်း၊ အဆိုပါ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍လည်း ထိန်းသိမ်းကြရန်လိုကြောင်း၊ စက်မှုလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းတို့ဖြင့် တိုးတက်မှုကိုသာ မြင်တွေ့လိုကြောင်း။

## ငြိမ်းချမ်းအောင် ဆောင်ရွက်ရမည်

မိမိအနေဖြင့် မိုင်းခတ်ဒေသကို မူးယစ်ဆေးဝါးကင်းစင်ပြီး ဒေသတွင်းရှိလူမှုစီးပွားဘဝများတိုးတက်မှုများရှိသည့် ဒေသတစ်ခုဖြစ်စေလိုကြောင်း၊ ယခုကာလတွင် လုံခြုံရေးအရတည်ငြိမ်အောင်၊ နိုင်ငံရေးအရ ငြိမ်းချမ်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးမတည်ငြိမ်မှုများရှိပါက နိုင်ငံတိုးတက်မှုရှိမည်မဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေး၊ လူမျိုးရေးများနှင့်ပတ်သက်၍ လက်နက်ကိုင်ဆောင်ရွက်ခြင်းကိုအားမပေးပါကြောင်း၊ ဒီမိုကရေစီအရေးဆောင်ရွက်ရာတွင် နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းအဖြေရှာရေး လမ်းစဉ်ကိုသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် ညီရင်းအစ်ကိုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူလူထုနှင့်ဒေသတွင် လာရောက်တာဝန်ထမ်းဆောင်သည့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအားလုံး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ခေတ္တလာရောက်တာဝန်ထမ်းဆောင်သည့် ဧည့်သည်အနေဖြင့် မဆောင်ရွက်ကြစေလိုဘဲ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိုင်းခတ်ဒေသနှင့် မိုင်းယောင်းဒေသအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ အုပ်ချုပ်ရေးမှူးများက လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရှမ်း၊ လားဟူ၊ အာခါ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွေးကောက်ပွဲ၌ တရားမျှတမှုနှင့် ခြိမ်းခြောက်မှုမရှိစေရေး လက်နက်ကိုင်ပဋိပက္ခများလည်း ချုပ်ငြိမ်းရန်လိုသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ မိုင်းခတ်တပ်နယ်နှင့် မိုင်းယောင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိုင်းခတ်တပ်နယ်မှ အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူတို့ လိုက်ပါ၍ ယနေ့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် မိုင်းခတ်တပ်နယ်နှင့် မိုင်းယောင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား သီးခြားစီ သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

### နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိုင်းခတ်တပ်နယ်နှင့် မိုင်းယောင်းတပ်နယ်တို့သည် အလှမ်းကွာဝေးသည့် တပ်နယ်များဖြစ်ပြီး တိုင်းမှူးတာဝန်ထမ်းဆောင်စဉ်ကလည်း မကြာခဏ လာရောက် တွေ့ဆုံခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို လွှဲပြောင်းတာဝန်ထမ်းဆောင်ခဲ့ရသည်မှာ တစ်နှစ်ကျော်ကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် ကြီးမားသော မဲမသမာမှုဖြစ်စဉ်ကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ် နှင့်အညီ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရသည်ကို အရာရှိ၊ စစ်သည်၊ ရဲမေများ သိရှိနားလည်သဘောပေါက်ရန်လိုကြောင်း။

ယခင် တပ်မတော်အစိုးရ အုပ်ချုပ်စဉ်ကာလအတွင်း ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေရသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်ရေး ပုံဖော်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပပေးနိုင်ခဲ့ကြောင်း၊ ထို့နောက် NLD ပါတီကို ရွေးကောက်ပွဲသို့ ဝင်ရောက်နိုင်ရေး ဆောင်ရွက်ပေးခဲ့ကာ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် NLD ပါတီ အနိုင်ရခဲ့ပြီး အစိုးရဖြစ်လာကြောင်း၊ NLD အစိုးရ အုပ်ချုပ်စဉ် အစောပိုင်းကာလအတွင်း၌ပင် ဥပဒေကို လက်တစ်လုံးခြား ဆောင်ရွက်မှုများ စတင်လုပ်ဆောင်ခဲ့သည်ကို တွေ့ရကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင်လည်း ၎င်းတို့တာဝန် မထမ်းဆောင်မီအချိန်၌ NCA လက်မှတ်ရေးထိုးခြင်းမပြုရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို တိုက်တွန်းခဲ့ခြင်းများရှိသကဲ့သို့ ၎င်းတို့ တာဝန်ယူထမ်းဆောင်ချိန်၌လည်း ငြိမ်းချမ်းရေးဖော်ဆောင်မှုအပိုင်း၌ အားနည်းခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ အလားတူ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ယိမ်းယိုင်စေခဲ့သည့် လုပ်ဆောင်မှုများရှိခဲ့ပြီး နိုင်ငံအတွက် စိုးရိမ်ဖွယ်ရာအခြေအနေသို့ ရောက်ရှိခဲ့ကြောင်း။

### ကုန်သွယ်မှုပိုငွေရှိအောင် ဆောင်ရွက်ခဲ့

ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးခြင်းမရှိခဲ့ခြင်းနှင့် ပြည်ပမှတင်သွင်းမှုများကိုသာ ဦးစားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေများ များစွာ ဖြစ်ပေါ်ခဲ့ရကြောင်း၊ အချို့ပြည်ပချေးငွေရယူဆောင်ရွက်ခဲ့သည့် စီမံကိန်းများကို လုပ်ငန်းဆောင်ရွက်မှုများ ပြီးစီးလုနီးပါး အခြေအနေတွင် ရပ်တန့်ခဲ့သဖြင့် နိုင်ငံအတွက် များစွာနစ်နာခဲ့ရကြောင်း၊ အလားတူ ပြည်ပမှ ချေးငွေများ အဆမတန်ရယူခဲ့ခြင်းကြောင့် နိုင်ငံတော်အနေဖြင့် နှစ်စဉ်ပြည်ပကြွေးမြီများကို ပေးဆပ်နေရလျက်ရှိကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၂၂ အထိ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံခန့်ရှိခဲ့ပြီး ယခု ၂၀၂၂ မှစ၍ ကုန်သွယ်မှုပိုငွေရှိအောင် ဆောင်ရွက်ခဲ့ကြောင်း။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲမသမာမှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးပြဿနာများအပေါ် အချို့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ အခွင့်အရေးယူ၍ ဆောင်ရွက်နေမှုများရှိကြောင်း၊ မဲစာရင်းမှားယွင်းမှုနှင့်ပတ်သက်၍ တပ်မတော်မှ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် စတင်ကြေညာခဲ့ပြီး မဲစာရင်းမှားယွင်းမှုအပေါ် ဖြေရှင်းပေးရန်အတွက် အကြိမ်ကြိမ်ပြောကြားခဲ့ကြောင်း၊ သို့သော် ၎င်းတို့အနေဖြင့် အဆိုပါ မဲမသမာမှုကိစ္စရပ်များအား ဖြေရှင်းပေးမှု မရှိခဲ့ကြောင်း၊ မဲစာရင်းမသမာမှု ရလဒ်များဖြင့် တက်ရောက်လာသည့် ကိုယ်စားလှယ်များက လွှတ်တော်ခေါ်ယူရေး ဆောင်ရွက်ခဲ့သဖြင့် နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာပြီး မလွှဲသာမရှောင်သာဘဲ နိုင်ငံတော်တာဝန်အား ရယူခဲ့ရခြင်းဖြစ်ကြောင်း။

### ကြိုးပမ်းဆောင်ရွက်

မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ် ချမှတ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ရှေ့လုပ်ငန်းစဉ်တွင် ပါဝင်သည့် မဲစာရင်းများ ပြန်လည်စိစစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ် -၁၉ ကပ်ရောဂါ ထိန်းချုပ်ရေးအတွက်လည်း ကျန်းမာရေးဝန်ထမ်းများ တာဝန်ထမ်းဆောင်မှု နည်းပါးခြင်းနှင့် အခြားသောအခက်အခဲများကြားမှ ခက်ခက်ခဲခဲ ကြိုးပမ်းဆောင်ရွက်ခဲ့ရပြီး ယခုအခါ ကူးစက်မှုနှုန်း နည်းပါးသွားပြီဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆောင်ရွက်ခဲ့ချိန်တွင် ပြည်သူများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုများ၊ စုပေါင်းလှူဒါန်းမှုများနှင့် နိုင်ငံတော်တာဝန်အား ကျေပွန်စွာ ထမ်းဆောင်လိုစိတ်ရှိသည့် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့်

စာမျက်နှာ ၇ သို့

- လွှတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန်လို
- ပြည်သူလူထုတစ်ရပ်လုံးက မည်သည့်ပုံစံနှင့်မဆို ခြိမ်းခြောက်ခံရမှုမရှိဘဲ မိမိတို့ဆန္ဒအတိုင်း မဲပေးနိုင်ရန်လို
- ရွေးကောက်ပွဲ၌ အထွေထွေရွေးကောက်ပွဲဖြစ်သဖြင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ကျင်းပနိုင်ရမည်ဖြစ်ပြီး မြို့နယ်အားလုံး၌ ရွေးကောက်ပွဲကိုလွှတ်လပ်၍ တရားမျှတစွာ ကျင်းပပြုလုပ်နိုင်ရမည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိုင်းယောင်းတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

*စာမျက်နှာ ၆ မှ*

ကိုဗစ်-၁၉ တတိယလှိုင်းအား အောင်မြင်စွာဖြင့် ကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ ကိုဗစ်- ၁၉ ရောဂါကြောင့် ကျဆင်းခဲ့သည့် နိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အထိုက်အလျောက် တိုးတက်ကောင်းမွန်လာပြီ ဖြစ်ကြောင်း။

ငြိမ်းချမ်းရေး ရရှိရေးအတွက်လည်း ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲပေးထားပြီး ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ရေး ဖိတ်ခေါ် ဆောင်ရွက်ထားကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးအတွက် မိမိတို့အနေဖြင့် အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း။

**တည်ငြိမ်အေးချမ်းမှုရှိရန်လို**

လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန် လိုကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးက မည်သည့်ပုံစံနှင့်မဆို ခြိမ်းခြောက်ခံရမှုမရှိဘဲ မိမိတို့ဆန္ဒအတိုင်း မဲပေးနိုင်ရန်လိုအပ်ကြောင်း၊ လာမည့် ရွေးကောက်ပွဲ၌ အထွေထွေရွေးကောက်ပွဲဖြစ်သဖြင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ကျင်းပနိုင်ရမည်ဖြစ်ပြီး မြို့နယ်အားလုံး၌ ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတစွာ ကျင်းပပြုလုပ်နိုင်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ၌ တရားမျှတမှုနှင့် ခြိမ်းခြောက်မှု မရှိစေရေး လက်နက်ကိုင်ပဋိပက္ခများလည်း ချုပ်ငြိမ်းရန်လိုသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးနှင့် လုံခြုံရေးအရ အမြန်ဆုံး တည်ငြိမ်မှုရရှိရေး ကြိုးပမ်းလျက်ရှိကြောင်း။

တပ်မတော်၏တာဝန်နှင့်ပတ်သက်၍ နိုင်ငံတော်ကို ကာကွယ်ရန်၊ နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပြည်သူများကို ကာကွယ်ပေးရန်ဖြစ်ကြောင်း၊ နိုင်ငံကို ကာကွယ်ရန်အတွက် စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရန် လေ့ကျင့်သားပြည့်ဝရမည်၊ စိတ်ဓာတ်၊ စည်းကမ်းများ ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ စစ်စည်းကမ်းကို တပ်မတော်သားများအတွက် စစ်အခြေခံသင်တန်းမှစတင်၍ အခြေခံကျကျဖြင့် လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါအချက်ကို အလေးအနက်ထားပြီး လိုက်နာကျင့်သုံးရန်လိုကြောင်း၊ စည်းကမ်း စိတ်ဓာတ်ကောင်းသည့် တပ်မတော်သားများဖြစ်အောင် တစ်ဦးချင်း လိုက်နာဆောင်ရွက်ကြရန် လိုကြောင်း၊ တပ်မတော်တွင် စစ်သည်တော်ကျင့်ဝတ် ၆၀ ရှိပြီး တိုက်တွန်းချက်၊ တားမြစ်ချက်များ ပါဝင်ကြောင်း၊ စည်းကမ်းလိုက်နာပါက အရည်အချင်းရှိသည့် တပ်တစ်ခုဖြစ်မည်ဖြစ်ကြောင်း၊ အမိန့်နာခံမှုရှိမှသာ အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း၊ မိမိတို့ တပ်မတော်သည် နိုင်ငံအတွက် ခိုင်မာသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး တစ်ဦးချင်းနှင့် အဖွဲ့လိုက်၊ အဖွဲ့တစ်ခုလုံး ကောင်းမွန်စွာ လေ့ကျင့်ထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတိုင်းတွင် တပ်မတော်ကို အလေးထားကြပြီး နိုင်ငံ့ကာကွယ်ရေးစွမ်းအားကို မြှင့်တင်ကြကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိုင်းယောင်းတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်စဉ်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေသည့် တပ်မတော်ကို တည်ဆောက်ရာတွင် စွမ်းအားရှိသည့် တပ်မတော်ဖြစ်ရန်လိုကြောင်း၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး တပ်မတော်သားတစ်ဦးချင်းအနေဖြင့် စစ်သားပီသရန်နှင့် စစ်သည်ကောင်းတစ်ဦးဖြစ်အောင် နေထိုင်ရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်များအနေဖြင့်လည်း စစ်သားပီသသည့် ခေါင်းဆောင်အဖြစ် တပ်မတော်ကို ဦးဆောင်ရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်ဆိုရာတွင် ဒုတိယတပ်ကြပ်မှစတင်၍ အဆင့်ဆင့်သော၊ အမျိုးမျိုးသော ခေါင်းဆောင်များရှိပြီး စစ်သားပီသသည့် ခေါင်းဆောင်များဖြစ်မှသာ စွမ်းရည်နှင့် စွမ်းအားရှိသည့် တပ်မတော်ဖြစ်လာမည်ဖြစ်ကြောင်း၊ အထက်အောက် ရိုသေလေးစားမှုရှိရန်နှင့် အမိန့်နာခံတတ်မှုများရှိရန်လိုကြောင်း၊ အုပ်ချုပ်သူများဖြစ်သည့် ဒုတပ်ကြပ်မှစ၍ တပ်မှူးများအထိ ဖခင်သဖွယ်စိတ်ဓာတ်၊ တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်ဖြင့် လက်အောက်ကို ညီညွတ်မျှတသည့် အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ကြရန်လိုကြောင်း၊ တပ်မတော်သားအားလုံး ခေါင်းဆောင်ကောင်း စိတ်ဓာတ်၊ နောက်လိုက်ကောင်း စိတ်ဓာတ်ဖြင့် တာဝန်ထမ်းဆောင်၍ မိမိကိုယ်ကို အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း။

**အသိပညာများ မြှင့်တင်နေရန်လို**

အမိန့်နာခံတတ်မှုနှင့် စစ်စည်းကမ်း ကောင်းမွန်စေရန်အတွက် အသိပညာရှိရန်နှင့် အသိပညာများရှိရန်အတွက် အတန်းပညာများရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများအတွက် အခြေခံပညာမြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြင်ပဗဟုသုတ စာပေများကိုလည်း အမြဲမပြတ် ဖတ်ရှုလေ့လာပြီး အသိပညာများ မြှင့်တင်နေရန်လိုကြောင်း၊ ပြင်ပဗဟုသုတစာပေများကို ဖတ်ရှုခြင်းဖြင့် လူတစ်ဦး၏ အသိဉာဏ်ကို ပိုမိုမြင့်မားစေသည်ကို တွေ့ရှိရသောကြောင့် စာပေများ ဖတ်ရှုလေ့လာကြရန်လိုကြောင်း၊ မိမိတို့ သက်ဆိုင်ရာ ဘာသာတရားများအလိုက် လိုက်နာကျင့်ကြံထိန်းသိမ်းနေထိုင်ကြရန်လိုကြောင်း၊ မိမိတို့ သားသမီးများကို မိမိတို့ထက် သာလွန်အောင် မြေတောင်မြှောက်ပေးကြရန်လိုပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ်အတွင်းရှိ တပ်မတော်သား မိသားစုဝင် ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ကာကွယ်ဆေးများ ရာခိုင်နှုန်းပြည့်နီးပါး ထိုးနှံပြီးစီးပြီဖြစ်ကြောင်း၊ ပညာတတ်များ ပေါ်များလာပါက နိုင်ငံအတွက် လူသားအရင်းအမြစ်များ ပေါ်များလာမည်ဖြစ်ကြောင်း။

လက်ရှိအချိန်တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးထားပြီး လာမည့်မတ်လ နောက်ဆုံးပတ်မှစ၍ ပထမအပတ်တွင် စာမေးပွဲများ ကျင်းပမည်ဖြစ်ကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးထားခြင်းသည် ကျောင်းနေအရွယ်ကလေးတိုင်း စာပေသင်ကြားနိုင်ရေးအတွက်ဖြစ်သဖြင့် ပညာသင်ကြားမှုမရှိပါက မိမိတို့ ကလေးငယ်များ၏ ဘဝတိုးတက်ရေးကိုသာ ထိခိုက်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကလေးငယ်များ၏ ပညာသင်ကြားရေးကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့် ပတ်သက်၍လည်း မပေါ့ဆကြရန်နှင့် အမြဲသတိထား၍ လုံခြုံရေးအသိ၊ လုံခြုံရေး အမြင်များဖြင့် နေထိုင်သွားလာကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

**စားသောက်ဖွယ်ရာများ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် မိုင်းခတ်တပ်နယ်နှင့် မိုင်းယောင်းတပ်နယ် တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တပ်နယ်မှူးများက လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက မိုင်းခတ်တပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးကလည်းကောင်း အသီးသီး လက်ခံရယူကြသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒီမိုကရေစီဟု ဆိုရာဝယ် . . .

ဒေါက်တာ မောင်ကျော်၊ ပါမောက္ခချုပ် (ငြိမ်း)

*ယမန်နေ့မှ အဆက်*

**“ကျွန်တော်တို့ဟာ ဈေးကွက်စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေကို အလေးအနက်ထားရလိမ့်မယ်။ ကုမ္ပဏီကြီးတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်များက ယှဉ်ပြိုင်နိုင်မှသာ ရေရှည်ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းတွေကို စောင့်ရှောက်ထိန်းသိမ်းခြင်းအားဖြင့် ဒီမိုကရေစီဟာ အမြစ်တွယ်နိုင်မှာဖြစ်တယ်”** လို့ တောင်ကိုရီးယားမှ ဒေ့ဂျွန်း (K Dae Jung) က ၁၉၉၈ မတ်လ ၂ ရက်နေ့ထုတ် Time မှာ ရေးသားထားတာ တွေ့ရပါတယ်။

ဒီမိုကရေစီဟာ ကမ္ဘာနဲ့ချီကြည့်ရင် ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်တော့ မဟုတ်သေးဘူး။ ဒီမိုကရေစီစနစ်ကို နိုင်ငံပေါင်း ၁၁၀၊ ၅၄ ဒသမ ၈ ရာခိုင်နှုန်းက ကြိုက်နှစ်သက်တဲ့ နိုင်ငံရေးစနစ်တစ်ရပ်ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအချို့ဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အမျိုးမျိုးသော အခက်အခဲ အကျပ်အတည်းကြားမှ တည်ဆောက်ကြရပါတယ်။ ဒီမိုကရေစီနဲ့အတူ နိုင်ငံရေးစိတ်သဘောထားများ၊ ယဉ်ကျေးမှုထုံးတမ်းစဉ်လာများနဲ့ အကျင့်စရိုက်များနဲ့လည်း ပွတ်တိုက်မှုရှိလာပြီး အကြီးအကျယ်ရှုပ်ထွေးလှတဲ့ လူမှုစီးပွားရေး ဈေးကွက်စီးပွားရေးကြီးများနဲ့ ကိုယ်ကျင့်သိက္ခာတွေကအစ ပြောင်းလဲရမယ့် လုပ်ငန်းစဉ်ပဲဖြစ်ပါတယ်။ ဒါကြောင့် နှစ်ပေါင်းတစ်ရာကြာပြီဖြစ်တဲ့ နိုင်ငံတွေရဲ့ ဒီမိုကရေစီကျင့်စဉ်တွေကို မြန်မာတို့အဖို့ လက်လှမ်းမီ၊ အဆင့်မီ၊ စစ်မှန်တဲ့ ဒီမိုကရေစီကို ဆွတ်ချူရန် ခဲယဉ်းလျက်ရှိနေတာကို တွေ့ရပါလိမ့်မယ်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ကိုယ်တိုင်ပင်လျှင် မြန်မာ့နိုင်ငံရေး ဇာတ်ခုံကို စိတ်ကုန်သလောက်ဖြစ်နေပြီလို့ မောင်ရွှေခေတ် ရေးသော ဦးသန့်၏ ဘဝအတွေ့အကြုံများ စာအုပ်မှာ ဖတ်ရှုရပါတယ်။

### စည်းကမ်းအစ စာသင်ကျောင်းက

စည်းကမ်းအစ စာသင်ကျောင်းက ဆိုသလိုပါပဲ။ မကြာသေးမီနှစ်များက ဒီမိုကရေစီအကြောင်း သိကောင်းစရာသဖွယ် စာသင်ကျောင်းတွေမှာ သင်ရင်ကောင်းမလားပဲဆိုပြီး စိတ်ကူးတွေရှိခဲ့ကြပါတယ်။ ကိုယ့်နိုင်ငံအနေအထား၊ လူ့စွမ်းအားအရင်းအမြစ်တွေကို အကဲခတ်ကြည့်ရင် ဒီမိုကရေစီကို ကျောင်းသင်ခန်းစာအဖြစ် သင်ကြားပို့ချနိုင်သူ ရှားပါးတာ တွေ့ရပါလိမ့်မယ်။ ပြည်သူ့နီတိကို မည်မည်ရရ သင်ကြားနိုင်မယ်ဆိုရင် မြန်မာတို့ရဲ့ ရိုးသားရိုးရှင်းတဲ့ဘဝဟာ ပိုပြီးရှင်သန်ကြီးထွားလာနိုင်ပါမယ်။ ပန်းတနော် အမျိုးသားကျောင်းဆရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ဟာ သူ့တပည့်များအား နှုတ်ဆက်စကားပြောကြားရာမှာ “တပည့်တို့ လူတော်လူကောင်းဖြစ်အောင် ကြိုးစားကြပါ။ လူတော်မဖြစ်ရင်တောင်မှ လူကောင်းဖြစ်အောင် ကြိုးစားကြပါ။ ဒီနေ့ဒီနိုင်ငံမှာ လူတော်သိပ်ရှားတယ်။ လူဆိုးတွေက အများကြီးပဲ။” လို့ ထည့်သွင်းပြောသွားခဲ့တာကို ဖတ်ရပါတယ်။

ဗုဒ္ဓမြတ်စွာဘုရားက **“သင်ယူခြင်းသည် မျက်စိမှိတ်လက်ခံရန် မဟုတ်၊ မေးမြန်းခြင်းဖြင့် သိရှိရာ၏။ သိရှိခြင်းဖြင့် နားလည်ရာ၏။ နားလည်ခြင်းဖြင့် အသုံးချရာ၏”** တဲ့။ ဒီမိုကရေစီကိုပဲ သင်သင်၊ ဒစ်ဖရယ်ရှယ် ကားကူးလပ် (Differential Calculus) ပဲသင်သင်၊ ဗုဒ္ဓရဲ့အမြင် သွန်သင်မှုအရ လူတို့ဟာ ဆင့်ကဲဆင့်ကဲ ဆင့်ကာဆင့်ကာ လုပ်ရလိမ့်မယ်။ ကာလာမသုတ်လာနည်းလမ်းဟာ သိပ္ပံနည်းကျပဲ။ သူများကောင်းတယ်၊ လူကြိုက်များတယ်ဆိုတိုင်း လိုက်လုပ်စရာမလို၊ ချော်လဲရောထိုင်ဆိုတာ ဒီမိုကရေစီမဆန်တာ ဖြစ်ပါလိမ့်မယ်။

ဒီမိုကရေစီနဲ့ပတ်သက်လို့ ပါလီမန်ဒီမိုကရေစီ၊ ဆိုရှယ်လစ်ဒီမိုကရေစီဆိုပြီး ကျွန်တော်တို့ဟာ အထိုက်အလျောက် ကြားဖူးနားဝရှိသူများလို့ ပြောရမှာဖြစ်ပါတယ်။ ထဲထဲဝင်ဝင် နှိုက်နှိုက်ချွတ်ချွတ် လေ့လာကျင့်သုံးသူ ဘယ်လောက်ရှိလဲလို့တော့ အတိအကျမသိနိုင်ဖြစ်ပါတယ်။ ဒီမိုကရေစီ အလေ့အကျင့်နဲ့ ပတ်သက်ရင် မြန်မာနိုင်ငံဟာ ဒီမိုကရေစီအကြောင်း သိကောင်းစရာ သင်ရိုးညွှန်းတမ်း ၁၀၁ ပဲရှိမယ်လို့ ခန့်မှန်းနိုင်ပါတယ်။



**တိုင်းပြည်၏ အနာဂတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးရာ စာသင်ကျောင်းများ၌ စာပေသင်ကြားနေသူများ။**

### ရေရှည်ဖွံ့ဖြိုးရေး ၁၇ ချက်

စာအုပ်စာပေလေ့လာဖို့လည်း မကြုံကြိုက်သူတွေ ဒုနဲ့ဒေးရှိပါလိမ့်မယ်။ မြန်မာဒေါင်း ဖတ်စာအုပ်ထဲကလို ဒီမိုကရေစီဟာ နေ့တိုင်းရွှေဥတစ်ဥ ဥပေးတဲ့ငန်းမကြီးလို ထင်မြင်သူတွေ ရှိနိုင်ပါတယ်။ ဒီမိုကရေစီကို ကမ္ဘာ့နိုင်ငံအများအပြားမှာ လူကြိုက်များလာတဲ့ နိုင်ငံရေးစနစ်တစ်ရပ် ဖြစ်ပါတယ်။ ငွေပဒေသာပင်ဟာ မြေမှအလိုအလျောက် မပေါက်ဆိုသလို ဒီမိုကရေစီရဲ့နီတိကို မိမိရရ မကျင့်သုံးနိုင်ရင် ငွေပဒေသာပင်လည်း မြင်ရမှာမဟုတ်၊ နေ့စဉ်ဥနေကျ ရွှေဥလည်းရတော့မှာ မဟုတ်ဆိုတာကို သတိမူကြရပေလိမ့်မယ်။ ယနေ့ ကမ္ဘာအရပ်ရပ်မှာ မဖြစ်မနေလိုအပ်နေတဲ့ ရေရှည်ဖွံ့ဖြိုးရေး ၁၇ ချက် (Sustainable Development Goal; 17 SDGs) ကို မူလတန်းကျောင်းတွေကအစ တက္ကသိုလ်အထိ အဆင့်အလိုက်သင်ကြားပို့ချရင် လူမှုဘဝမိသားစုဘဝဟာ ရေရှည်သာယာလိမ့်မယ်လို့ ယုံကြည်ပါတယ်။

“ယနေ့ (June 2, 1997 Newsweek) အချိန်အခါသမယမှာ ၅၄ ဒသမ ၈ ရာခိုင်နှုန်းသော လူထုဟာ ဒီမိုကရက်တစ်အုပ်ချုပ်မှုအောက်မှာ နေကြပါတယ်။ ကျွန်တော်တို့ တွေ့နေမြင်နေရတဲ့ ဒီမိုကရေစီဟာ မျက်နှာပန်း မလှသလိုပါပဲ။ ဒီမိုကရေစီနည်းနဲ့ ရွေးချယ်တင်မြှောက်ခြင်းခံရတဲ့ အစိုးရများဟာ ဖွဲ့စည်းပုံအရ အပ်နှင်းထားတဲ့ အာဏာများကို မျက်ကွယ်ပြုမှုတွေ ပုံမှန်ဖြစ်နေတာကြောင့် အာရှ၊ အာဖရိက၊ အရှေ့အလယ်ပိုင်း နိုင်ငံတွေမှာ နိုင်ငံသားတို့ရဲ့ မူလခံစားခွင့်နဲ့ လွတ်လပ်မှုတွေဟာ ဆုံးရှုံးခဲ့ကြရပါတယ်” လို့ဆိုပါတယ်။ (Democratically elected regimes are now routinely ignoring constitutional limits on the power and depriving their citizens of basic rights and freedoms) ဗြိတိန်ဝန်ကြီးချုပ် ဂျွန်မေဂျာက **“နိုင်ငံရေးဆိုသည် အတွေးအခေါ်ဝါဒ (ideology) ရဲ့ အခန်းကဏ္ဍတစ်ခုတည်းမဟုတ်။ အဲဒီဝါဒရဲ့ လုပ်ငန်းစဉ်ကို လက်တွေ့ကျကျ သက်ဝင်လှုပ်ရှားပါဝင်ရမယ်။ နိုင်ငံရေးသမားတွေမှာ အာဏာရှိတဲ့အခါ၊ အစိုးရအဖွဲ့ထဲ ရောက်လာတဲ့အခါ၊ ရွေးချယ်မှုခံရတဲ့အခါ၊ တကယ်တမ်း ကြည့်ရှုစောင့်ရှောက်ရမှာက ထိုနိုင်ငံရဲ့ အကျိုးစီးပွားဖွံ့ဖြိုးရေးပဲ”** ဖြစ်တယ်လို့ ၁၉၉၈ ခုနှစ် မတ်လထုတ် Newsweek မဂ္ဂဇင်းမှာ ဖွင့်ဆိုထားတာကို တွေ့ရပါတယ်။

ရာစုနှစ်တစ်ရာအတွင်း အနောက်နိုင်ငံများမှာ ဒီမိုကရေစီ (liberal democracy) ဆိုသည်မှာ အမြင်မတူသော်လည်း နှလုံးသားချင်း နီးကပ်သော ဒီမိုကရေစီ ဖြစ်ခဲ့ပါတယ်။ လွတ်လပ်မျှတတဲ့ ရွေးကောက်ပွဲသာမက နှလုံးသားချင်း၊ ကျောချင်းကပ်တဲ့ ဒီမိုကရေစီကိုဆိုလိုတာ ဖြစ်ပါတယ်။ ဒီထက်ပိုတဲ့ကိစ္စမှာ လေးစားလောက်ပြီး အခြေခံကျတဲ့ လွတ်လပ်မှု (liberties) များဖြစ်တဲ့ လွတ်လပ်စွာပြောဆိုခွင့်၊ စုရုံးခွင့်၊ ပုဂ္ဂလိကစာချုပ်စာတမ်း၊ ပုဂ္ဂလိကပိုင်ဆိုင်မှုများနဲ့ ဥပဒေများလည်း အကျုံးဝင်ပါတယ်။ နိုင်ငံရေးပဋိပက္ခနဲ့ အပြောင်းအလဲတွေ ကြုံတွေ့ကြရတဲ့အခါ အခြေခံလွတ်လပ်မှု (basic liberties) လစ်ဘရယ်ဒီမိုကရေစီ ( liberal democracy) ကိုသာ အားကျစရာအဖြစ် ရှုမြင်နိုင်ပါတယ်။ လူအုပ်ကိုအခြေပြု အနိုင်ယူလိုတဲ့ ဒီမိုကရေစီဟာ စစ်မှန်တဲ့ ဒီမိုကရေစီလို့ခေါ်ရန် ခဲယဉ်းပါတော့တယ်။

ယခင်ယူဂိုဆလားဗီးယားနဲ့ အာဖရိကနိုင်ငံတွေမှာ ရွေးကောက်ပွဲတွေဟာ တိုင်းရင်းသားတို့အချင်းချင်း သွေးကွဲမှုဆီသို့ တွန်းပို့တယ်လို့ဆိုပါတယ်။ အမျိုးသားစံချိန်မီ ဒီမိုကရေစီဟာ ဈေးကွက်လွတ်လပ်ခွင့်၊ လွတ်လပ်တဲ့ အလုပ်သမားလှုပ်ရှားမှု (labor movements) နဲ့ နိုင်ငံရေးပါတီများရဲ့ လွတ်လွတ်လပ်လပ်သီးခြားစီ လှုပ်ရှားမှုတို့ကို အားပေးတဲ့သဘောရှိပါတယ်။

### ကြိုးတန်းပေါ်မှာ လျှောက်နေကြ

အာရှအလယ်ပိုင်း (Middle East) နိုင်ငံရေး ကြိုးတန်းပေါ်မှာ လျှောက်နေကြတဲ့ အစ္စရေး–ပါလက်စတိုင်းအရေးနဲ့ပတ်သက်ပြီး အကြမ်းဖက်မှုတွေအပေါ် သုံးသပ်မှုတွေရှိခဲ့ပါတယ်။ ဆယ်ကျော်သက် ကျောင်းသားတွေဟာ အကြမ်းဖက်မှုတွေနဲ့ သေပွဲဝင်ဖို့တောင်မမှုဘဲ ကျောင်းတက်နေကြတာကို စဉ်းစားရခက်နေပါတယ်။ သူရဲကောင်းပမာ သေပွဲဝင်ကျောင်းသားများကို ကျောင်းတွေက ဂုဏ်ပြုထောမနာ ပြုတာတွေဟာ မှားနေပါတယ်။ “အာဇာနည်တို့ သင်္ချိုင်းမှာ မင်းတို့အနားယူကြ၊ ဒို့ဆက်လက်တိုက်ပွဲဝင်မယ်” ဆိုပြီး ကြွေးကြော်ဂုဏ်ပြုနေတာဟာ ကျောင်းရဲ့အမှားတော်ကြီးပဲ။ တကယ်တော့ အစ္စရေး – ပါလက်စတိုင်း ကျောင်းသားတွေကို ငြိမ်းချမ်းရေးနဲ့ ညီညွတ်မှုနဲ့အတူတကွနေထိုင်ကြရေး သင်ပေးရမှာဖြစ်တယ်လို့ အမေရိကန်နိုင်ငံမှ Welfield က Mcurein Cooke က သုံးသပ်ပြပါတယ်။

ဒီနေ့ဒီလိုကာလများမှာ မေတ္တာ အကြင်နာတရားပွားများဖို့ ကိစ္စဟာ ရှေးယခင်ကထက် ပိုလိုအပ်တာကို တွေ့ရပါတယ်။ ပထဝီနိုင်ငံရေး၊ အစ္စရေး–ပါလက်စတိုင်း၊ အာဖဂန်နစ္စတန်၊ အီရတ်ဆိုတဲ့နိုင်ငံတွေမှာ အကြမ်းဖက်မှုတွေနဲ့ ထိန်းမရနိုင်လောက်အောင် ကျယ်ပြန့်နေပါတယ်။ ဒီမိုကရေစီကျင့်စဉ်တွေနဲ့ ဖြေရှင်းလို့မရအောင် ခက်ခဲတယ်လို့ သုံးသပ်လို့ရပါတယ်။ ဒါတွေကိုလျော့ပါးအောင်မလုပ်ဘူး၊ မလုပ်နိုင်ဘူးဆိုရင် ကမ္ဘာကြီးဟာ ငရဲပြည်အလားဖြစ်ပြီး အားလုံးဒုက္ခပင်လယ်ထဲမှာ နစ်မြုပ်သွားနိုင်ပါတယ်လို့ ကမ္ဘာ့နိုင်ငံရေးပညာရှင်တွေက သုံးသပ်ကြပါတယ်။ အနေးနဲ့အမြန် ကောင်းမွန်သာယာတဲ့ဘဝကို ရှေးရှုကြရမှာ ဖြစ်ပါတယ်။

ဂျပန်က စစ်ရှုံး၊ စစ်လျော်ကြေးပေးရတဲ့နိုင်ငံ၊ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာမှာ ပြာပုံဘဝက ထခဲ့ရတယ်လို့ ခန့်မှန်းလို့ရပါတယ်။ ဂျပန်ဟာ တိုင်းပြည်ရဲ့ ၁၀ ရာခိုင်နှုန်းကို အရင်းရှင်စနစ်၊ ကျန် ၉၀ ရာခိုင်နှုန်းကို ဆိုရှယ်လစ်စီးပွားရေးစနစ်နဲ့ တိုင်းပြည်ကို ပြာပုံကထဖို့ နှစ်ပြိုင်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့တာ အလုပ်ဖြစ်ခဲ့တယ်။ ၁၉၈၀ ပြည့်နှစ်တွေမှာ ဂျပန်ရဲ့ ဗျူရိုကရက်တစ် အရင်းရှင်စနစ်ဟာ အံ့သြဖွယ်ကောင်းလောက်အောင် အောင်မြင်ခဲ့တာ တွေ့ရပါတယ်။ ၁၉၉၇ ခုနှစ်မှာ အဆင့်မြင့်ပညာရှင်တွေ နည်းပညာလုပ်သား ပညာရှင်အင်အား ၆၇ ဒသမ ၉ သန်းအထိ ရောက်ခဲ့ပါတယ်။ ဂျပန်လူမျိုးတို့ရဲ့ စိတ်ဓာတ်ဟာ အံ့မခန်းစရာကောင်းလှပါတယ်။ ဂျပန်စိတ်ဓာတ်၊ အနောက်တိုင်းပညာ၊ အနောက်ယဉ်ကျေးမှုနဲ့သင်ယူမှု၊ ဒီနှစ်ချက်ဟာ ဦးနှောက်အတွက်ပဲ။ နှလုံးသားက ဂျပန်ပဲ၊ အပြောင်းအလဲမရှိ၊ ပကတိအတိုင်း ဂျပန်ပါပဲ။ ဒါကြောင့်ပဲဖြစ်မယ်။ ဂျပန်အရာရှိကြီးများဟာ နိုင်ငံခြားအတွေးအခေါ်တွေကြောင့် သာမန်ဂျပန်တို့ရဲ့ ဦးနှောက်ကို ပုန်ကန်ထကြွ အကြမ်းဖက်မှုဖြစ်မှာကို စိုးရိမ်ပူပန်ကြတယ်လို့ ဆိုပါတယ်။

“သိပ္ပံပညာ (Science)၊ ခရစ်ယာန် (Christianity)၊ လွတ်လပ်မှု (Liberalism)၊ ဒီမိုကရေစီ (Democracy) တို့ဟာ စိတ်ဝင်စားဖွယ် လေ့လာစရာတွေပဲ။ လူဂုဏ်တန်တွေနဲ့ ပိုထိုက်တန်ပေလိမ့်မယ်။ ဒါသည်ပင် သတိထားရွေးချယ်ပြီး သင်ယူသင့်ပါတယ်။ ဒီလိုအတွေးအခေါ် စိတ်ကူးစိတ်သန်းတွေဟာ ခေတ်မီဖွံ့ဖြိုးအင်အားကြီးတဲ့နိုင်ငံ တည်ဆောက်ဖို့ အသုံးဝင်တဲ့ ကိရိယာတွေပဲဖြစ်တယ်။ ဒါပေမယ့် မှားယွင်းတဲ့ လူတွေရဲ့လက်ထဲမှာ ဒီအတွေးအခေါ် ပညာရပ်တွေနဲ့ ကျင့်စဉ်တွေဟာ ကြီးမားတဲ့ အန္တရာယ်ကို ပေါ်ပေါက်စေပါတယ်”လို့ ၂၀၀၁ ခုနှစ် ဧပြီလ ၃၀ ရက်နေ့ထုတ် Time မဂ္ဂဇင်းမှာ ဂျပန်ရဲ့ စူးစမ်းလိုစိတ်၊ သင်ယူလိုစိတ်၊ နောက်ကျမကျန်ရစ်ဖို့ စိုးရိမ်စိတ်၊ ဂျပန်ရဲ့ ကြွယ်ဝချမ်းသာမှု၊ အာရှမှာ နည်းပညာအရာမှာ ခေတ်အမီဆုံး နှစ်ပေါင်း ၃၀၀ တိုင် တည်တံ့ခိုင်ခံ့မှာဖြစ်ခြင်းအကြောင်းနဲ့ စပ်လျဉ်းပြီး အယ်ဒီတာက ရှုမြင်သုံးသပ်တာကို ဖတ်ရှုရပါတယ်။ ဂျပန်တို့ဟာ ဒီမိုကရေစီအရေးကိုပင် လွယ်လွယ်ကူကူ လက်မခံဘဲ တွေးပူတဲ့သဘောကို တွေ့ရပါတယ်။

### လူသာပဓာနကျ

ကောင်းပါပြီ။ ဒီမိုကရေစီဆိုတာ အမျိုးမျိုးအဖုံဖုံရှိနေတာ တွေ့ရပါပြီ။ စစ်မှန်တဲ့ ဒီမိုကရေစီကို ကျင့်သုံးရာမှာ လူသာပဓာနကျကြောင်း တွေ့ရပါပြီ။ ကိုယ့်နိုင်ငံရဲ့ နောက်ခံသမိုင်းကြောင်း၊ လူမျိုးရဲ့ စရိုက်လက္ခဏာ၊ အတွေ့အကြုံ နိုင်ငံရေးအုပ်ချုပ်မှု စီမံခန့်ခွဲမှုစနစ်တွေဟာ ကျင့်သားရရင်၊ ရင့်ကျက်လာရင် အလောတော်မှည့်လာရင် ချိုမြိန်တဲ့အရသာရှိမှာဖြစ်ပါတယ်။ နိုင်ငံရေးအကိုင်းအခက်၊ အသီးအပွင့်တွေ ဝေဝေဆာဆာဖြစ်တဲ့ အရိပ်ရသစ်တောကြီးဖြစ်အောင်၊ စစ်မှန်တဲ့ဒီမိုကရေစီ၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို စုပေါင်းအားနဲ့ အေးအေးဆေးဆေး ဖြည်းဖြည်းနဲ့မှန်မှန် တည်ထောင်ကြရလိမ့်မယ်။ ။

**ကျမ်းကိုး**

- **Myanmar: Facts and Figures; Ministry of Information, Myanmar, March, 2000**
- **၂၀ ရာစု မြန်မာနိုင်ငံ၊ အမျိုးသား လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဇန်နဝါရီလ ၂၀၀၂ ခုနှစ်**
- **ဦးသန့်၏ ဘဝအတွေ့အကြုံများ မောင်ရွှေခေတ်**
- **ကြေးမုံသတင်းစာ၊ စာ ၁–၈၊ အောက်တိုဘာ ၁၆၊ ၂၀၁၈**
- **Asia Pacific: Its Role in the new World Order, (Myanmar Burma) by M S Dobbs**
- **Higginson, New Light of Myanmar (1998)**

**“မြန်မာ့ပင်လယ်ကမ်းရိုးတန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ်ခြင်းအစီအစဉ်တွင် “မြန်မာ့ကမ်းရိုးတန်းနှင့်အဏ္ဏဝါသယံဇာတများအား နိုင်ငံ၏ သဘာဝအရင်းအမြစ်အဖြစ် တန်ဖိုးထားရမည်၊ ၎င်းသယံဇာတများကို အကျိုးဆက်စပ်ပတ်သက်သူအားလုံး၏ ပူးပေါင်းပါဝင်မှုဖြင့် ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးရည်ရွယ်ချက်များ ညီမျှရေးမှု၊ သဘာဝနှင့် လူသားတို့ကြောင့် ထိခိုက်နိုင်မှုအပေါ် တုံ့ပြန်ကာကွယ်နိုင်စွမ်းကို မြှင့်တင်ရေးမှု၊ အားလုံးပါဝင်မှုဖြင့် လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွက် ရေရှည်ဖွံ့ဖြိုးရေးမှုများကို အခြေခံ၍ အကျိုးရှိစွာ အသုံးချနိုင်ရေး” ကို အန္တိမရည်မှန်းချက်အနေဖြင့် ဖော်ထုတ်ထားရှိ”**

❖ *ကျောဖုံးမှ*

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းဦးနှင့် ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးစန်းလွင်နှင့် ဦးမင်းမင်းဦး၊ စစ်ဦးစီးဗိုလ်မှူးချုပ်(ရေ)၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏သဘာဝသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးလုပ်ငန်းတာဝန်တစ်ရပ်အဖြစ် နိုင်ငံတော်အစိုးရအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏ကမ်းရိုးတန်းနှင့် ဒီရေတောကဏ္ဍဆိုင်ရာ စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးကို ရှေးရှု၍ ၂၀၂၁ ခုနှစ် ဧပြီ (၂) ရက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအမိန့်ကြော်ငြာစာအမှတ် (၉၅/၂၀၂၁)ဖြင့် “နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ”ကို ဖွဲ့စည်းခဲ့ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၃၀၆/၂၀၂၁)ဖြင့် အဖွဲ့ဝင် ၂၁ ဦးပါ ဗဟိုကော်မတီကို ထပ်မံပြင်ဆင်ဖွဲ့စည်းပေးကာ လုပ်ငန်းတာဝန် (၁၀) ရပ် တာဝန်ပေးအပ်ခဲ့ကြောင်း။

**ဆုံးဖြတ်ချက်(၁၁)ရပ်ချမှတ်**

၂၀၂၁ခုနှစ် ဇွန်လ ၉ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်ဦးရွက်ပြုမှုဖြင့် “နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီ (ပထမအကြိမ်) အစည်းအဝေး”ကို ကျင်းပခဲ့ရာ ကော်မတီဝင်များ၏ တင်ပြဆွေးနွေးချက်များကိုအခြေပြု၍ ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်ခြင်းဆိုင်ရာ ဆက်လက်ဆောင်ရွက်ရမည့် အစည်းအဝေး ဆုံးဖြတ်ချက်(၁၁)ရပ်ကို ချမှတ်ခဲ့ပြီးဖြစ်ကြောင်း။

ဗဟိုကော်မတီအစည်းအဝေးများကို တစ်နှစ်လျှင်(၂)ကြိမ် ကျင်းပရန် လျာထားချက်နှင့်အညီ ယနေ့ကျင်းပသည့် ဗဟိုကော်မတီ(ဒုတိယအကြိမ်) အစည်းအဝေးတွင် ဗဟိုကော်မတီ (ပထမအကြိမ်) အစည်းအဝေးဆုံးဖြတ်ချက် (၁၁) ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်တိုးတက်မှု အခြေအနေများကို ကော်မတီဝင်များအနေဖြင့် တင်ပြပေးနိုင်ရေးနှင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ပင်လယ်ကမ်းရိုးတန်းသယံဇာတများသည် နိုင်ငံရေရှည်ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများစွာ ဖန်တီးပေးနိုင်သော သဘာဝသယံဇာတများအဖြစ် ရှုမြင်ပြီး သားစဉ်မြေးဆက် ရေရှည်ထိန်းသိမ်းအသုံးပြုနိုင်ရေး စီမံအုပ်ချုပ်ရန် ရည်မှန်းထားရှိကြောင်း။ ပင်လယ်ကမ်းရိုးတန်းသယံဇာတများကို ကဏ္ဍစုံ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန်၊ လက်ရှိနှင့် အနာဂတ်အတွက် ရေရှည်အသုံးပြုနိုင်ရေးကို အထောက်အကူပြုနိုင်ရေးနှင့် နောင်မျိုးဆက်များအတွက် သယံဇာတများ ရေရှည်တည်တံ့အသုံးပြုနိုင်ရေးစသည့် အခြေခံရည်ရွယ်ချက်များရရှိအောင် စီမံအုပ်ချုပ်သွားရမည်ဖြစ်ကြောင်း။

မြန်မာ့ပင်လယ်ကမ်းရိုးတန်း သယံဇာတများသည် ကဏ္ဍစုံ၊ ဌာနစုံ၏ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်ပြီး နိုင်ငံရေရှည်ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ပြုစေမည့် ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်တစ်ရပ်ဖွံ့ဖြိုးရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းစီမံအုပ်ချုပ်လုပ်ကိုင်မှု ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း။

ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန် (၁၀)ရပ်အနက် လုပ်ငန်းတာဝန်(၇)တွင် “နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုအစီအစဉ် (Integrated Coastal Management Programme – ICM) တစ်ရပ်ရေးဆွဲချမှတ်ရန်နှင့် အဆိုပါအစီအစဉ်အပေါ် အခြေခံ၍ ဒေသအလိုက် စီမံချက်များရေးဆွဲ အကောင်အထည်ဖော်နိုင်ရေးအတွက် လမ်းညွှန်ကြီးကြပ်မှုပေးရန်” တာဝန်ပေးအပ်ထားကြောင်း။ ၂၀၂၁ ခုနှစ် ဇွန်လ ၉ ရက်က ကျင်းပခဲ့သည့် ဗဟိုကော်မတီ (ပထမအကြိမ်) အစည်းအဝေးဆုံးဖြတ်ချက်(ခ)တွင်လည်း “ကမ်းရိုးတန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ်ခြင်း (ICM) အကောင်အထည်ဖော်ဆောင်ရေးအတွက် ဗဟိုကော်မတီဝင်ဌာနအားလုံး ပူးပေါင်းဆောင်ရွက်ရန်” ဆုံးဖြတ်ချက်ချမှတ်ထားကြောင်း။

ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်သည် ၁၉၉၂ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးရေးဆိုင်ရာညီလာခံက ထုတ်ပြန်ခဲ့သည့် ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံမူများဖြစ်သည့် လူသားမျိုးဆက်များအတွင်း သာတူညီမျှရှိစေရန် အခြေခံမူ၊ ကြိုတင်ကာကွယ်ထိန်းသိမ်းရန် အခြေခံမူ၊ ပတ်ဝန်းကျင်ကိုထိခိုက်ခဲ့ပါက ပြုလုပ်သူက ပေးလျော်စေရန် အခြေခံမူများနှင့်အညီ ပေါ်ပေါက်လာသည့် စီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်တစ်ရပ်ဖြစ်ကြောင်း။ အဆိုပါစနစ်သည် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိပြီး၊ သယံဇာတများကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအကြား ပေါင်းစပ်ညှိနှိုင်းစီမံအုပ်ချုပ်လုပ်ကိုင်သော နည်းစနစ်ဖြစ်သည့်အပြင် သယံဇာတထုတ်လုပ်သုံးစွဲရာတွင်လည်းကောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေရန် သုံးသပ်ဆောင်ရွက်ရသည့် နည်းစနစ်လည်း ဖြစ်ကြောင်း။ တစ်နည်းအားဖြင့် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဟူသည့် မဏ္ဍိုင်သုံးရပ်လုံးကို ထည့်သွင်းစဉ်းစားပြီး သိပ္ပံနှင့် စီမံအုပ်ချုပ်မှု ပညာရပ်နယ်ပယ်နှစ်ခုကို ပေါင်းစပ်ချိတ်ဆက်ဆောင်ရွက်သည့် နည်းစနစ်လည်း ဖြစ်ကြောင်း။

**အကျိုးသက်ရောက်မှုများရှိမည်**

ကမ်းရိုးတန်းဒေသတွင် ဆောင်ရွက်သည့် မည်သည့်လုပ်ငန်းမဆို အဆိုပါဒေသ၌ တည်ရှိသော ဂေဟစနစ်များနှင့် အခြားသောသယံဇာတ ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်သူများအပေါ် အကျိုးသက်ရောက်မှုများရှိမည်ဖြစ်ကြောင်း၊ ကမ်းရိုးတန်းဒေသ ဂေဟစနစ်ကြီးတစ်ခုလုံးသည် မတူညီသော ဂေဟစနစ်ခွဲများဖြင့်ဖွဲ့စည်းထားပြီး အဆိုပါ စနစ်ခွဲများက ဂေဟစနစ်ကြီးတစ်ခုလုံး ပုံမှန်လည်ပတ်ရန် ဝန်ဆောင်မှုများကို ဆောင်ရွက်နေကြခြင်းလည်း ဖြစ်ကြောင်း၊ ဂေဟစနစ်ခွဲတစ်ခု ထိခိုက်ပျက်စီးသည်နှင့် အဆိုပါစနစ်ကြီးတစ်ခုလုံးအပေါ် အကျိုးသက်ရောက်မည်ဖြစ်သည့်အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ပင်လယ်ကမ်းရိုးတန်းဂေဟစနစ် အစိတ်အပိုင်းများ၏ တန်ဖိုးကို သိရှိနားလည်ပြီး ထိခိုက်မှုမရှိစေရန် အထူးအလေးထား ဂရုပြုဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

**ရေရှည်အကျိုးစီးပွားကို ရှေးရှု**

ကမ်းရိုးတန်းဒေသတွင် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုသယံဇာတများထုတ်လုပ်မှုလုပ်ငန်း၊ စက်မှုလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများကြောင့် ကမ်းရိုးတန်းဒေသ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးတို့အပေါ် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများကို ထည့်သွင်းတွက်ချက်ထားရန် လိုအပ်မည် ဖြစ်ကြောင်း၊ ထို့ပြင် ကမ်းရိုးတန်းသယံဇာတအသုံးပြုသူများအကြား၊ လုပ်ငန်းဌာနများအကြား၊ အကျိုးဆက်စပ်ပတ်သက်သည့် အဖွဲ့အစည်းများအကြားတွင် ပဋိပက္ခများ ပေါ်ပေါက်ပါက နိုင်ငံနှင့် ပြည်သူလူထု၏ ရေရှည်အကျိုးစီးပွားကို ရှေးရှု၍ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ဆွေးနွေးခြင်းတို့ဖြင့် အဖြေရှာ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဘက်စုံပူးပေါင်းစီမံအုပ်ချုပ်သည့်စနစ်၊ မတူကွဲပြားသည့် လုပ်ငန်းနယ်ပယ်များနှင့် အကျိုးဆက်စပ်ပတ်သက်သူများကို သဟဇာတဖြစ်အောင် ပေါင်းစည်းပေးသည့် စနစ်တစ်ခုလည်းဖြစ်ကြောင်း။

International Union for Conservation of Nature (IUCN)အဖွဲ့၏ နည်းပညာအကူအညီဖြင့်ရေးဆွဲထားသော ကမ်းရိုးတန်းသယံဇာတဘက်စုံစီမံအုပ်ချုပ်ခြင်း အစီအစဉ် (မူကြမ်း)ကို မိတ်ဆက်တင်ပြပြီး အတည်ပြုနိုင်ရေး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ တင်ပြသွားမည်ကိုသိရကြောင်း။

မြန်မာ့ပင်လယ်ကမ်းရိုးတန်း သယံဇာတ ဘက်စုံစီမံအုပ်ချုပ်ခြင်းအစီအစဉ်တွင် **“မြန်မာ့ကမ်းရိုးတန်းနှင့်အဏ္ဏဝါသယံဇာတများအား နိုင်ငံ၏ သဘာဝအရင်းအမြစ်အဖြစ် တန်ဖိုးထားရမည်၊ ၎င်းသယံဇာတများကို အကျိုးဆက်စပ်ပတ်သက်သူအားလုံး၏ ပူးပေါင်းပါဝင်မှုဖြင့် ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးရည်ရွယ်ချက်များ ညီမျှရေးမှု၊ သဘာဝနှင့် လူသားတို့ကြောင့် ထိခိုက်နိုင်မှုအပေါ် တုံ့ပြန်ကာကွယ်နိုင်စွမ်းကို မြှင့်တင်ရေးမှု၊ အားလုံးပါဝင်မှုဖြင့် လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွက် ရေရှည်ဖွံ့ဖြိုးရေးမှုများကို အခြေခံ၍ အကျိုးရှိစွာအသုံးချနိုင်ရေး”** ကို အန္တိမရည်မှန်းချက်အနေဖြင့် ဖော်ထုတ်ထားရှိကြောင်း၊ မြန်မာ့(ICM)တွင် မဟာဗျူဟာလုပ်ငန်းစဉ်(၆)ရပ်ဖြစ်သည့် စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း၊ အဖွဲ့အစည်းနှင့်အုပ်ချုပ်မှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပင်လယ်ကမ်းရိုးတန်းဂေဟစနစ်ကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်း၊ သုတေသနနှင့် ကြီးကြပ်စစ်ဆေးခြင်း၊ အားလုံးပါဝင်သော စီမံအုပ်ချုပ်ခြင်းနှင့် အကျိုးအမြတ် ခွဲဝေခံစားခြင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍနှင့် တာဝန်သိတာဝန်ခံသော စီးပွားရေးလုပ်ငန်းများနှင့်ချိတ်ဆက်၍ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

**ငါးနှစ်လုပ်ငန်းစီမံချက်များ**

မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်ခြင်းအစီအစဉ်သည် ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်ခြင်း ၁၅ နှစ်ကာလအတွက် မျှော်မှန်းရေးဆွဲထားခြင်းဖြစ်ပြီး မဟာဗျူဟာလုပ်ငန်းစဉ်(၆)ရပ်အပေါ် ဌာနအသီးသီး၏ ငါးနှစ်လုပ်ငန်းစီမံချက်များ ရေးဆွဲဖော်ထုတ်ချိတ်ဆက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ပင်လယ်ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်ခြင်းအတွက် ဌာနအသီးသီး၊ ကဏ္ဍအသီးသီးအနေဖြင့် ဆောင်ရွက်မည့်စီမံချက်များကို ICM အစီအစဉ်ဖြင့်ချိတ်ဆက်၍ နိုင်ငံတော်မှထောက်ပံ့ပေးနိုင်သည့် ရန်ပုံငွေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှ ဖွံ့ဖြိုးရေးရန်ပုံငွေများရှာဖွေပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းအစီအစဉ်တစ်ခုအနေဖြင့် အသုံးပြုသွားနိုင်ရေးကိုလည်း ရည်မှန်းထားကြောင်း၊ ထို့ကြောင့် မြန်မာ့(ICM)အစီအစဉ် အတည်ပြုနိုင်ရေးအတွက် ကော်မတီဝင်များအနေဖြင့် ပံ့ပိုးပေးအပ်ရမည့် အကြံပြုချက်များနှင့် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပေါ် ထိထိရောက်ရောက် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ရှည်လျားသည့် ကမ်းရိုးတန်းတစ်လျှောက် အဏ္ဏဝါသယံဇာတများ ပေါကြွယ်ဝပြီး ၎င်းသယံဇာတများမှ နိုင်ငံ့စားနပ်ရိက္ခာဖူလုံရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အဓိကအခန်းကဏ္ဍမှပံ့ပိုးပေးလျက်ရှိကြောင်း၊ တစ်ဖက်တွင် ကမ်းရိုးတန်းဒေသများ၌ လူဦးရေတိုးပွားလာခြင်း၊ ဒီရေတောများနှင့် ကမ်းရိုးတန်းဒေသသစ်တောများ ပျက်စီးခြင်း၊ ငါးအလွန်အကျွံဖမ်းဆီးခြင်း၊

*စာမျက်နှာ ၁၁ သို့*

❖ **ကမ်းရိုးတန်းဒေသ ဂေဟစနစ်ကြီးတစ်ခုလုံးသည် မတူညီသော ဂေဟစနစ်ခွဲများဖြင့်ဖွဲ့စည်းထားပြီး အဆိုပါစနစ်ခွဲများက ဂေဟစနစ်ကြီးတစ်ခုလုံး ပုံမှန်လည်ပတ်ရန် ဝန်ဆောင်မှုများကို ဆောင်ရွက်နေကြခြင်းလည်းဖြစ်၊**

❖ **ဂေဟစနစ်ခွဲတစ်ခု ထိခိုက်ပျက်စီးသည်နှင့် အဆိုပါ စနစ်ကြီးတစ်ခုလုံး အပေါ် အကျိုးသက်ရောက်မည်ဖြစ်သည့်အတွက် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ပင်လယ်ကမ်းရိုးတန်းဂေဟစနစ် အစိတ်အပိုင်းများ၏ တန်ဖိုးကို သိရှိနားလည်ပြီး ထိခိုက်မှုမရှိစေရန် အထူးအလေးထားဂရုပြုဆောင်ရွက်ကြရမည်**

# ထိရောက်မှန်ကန်မှုရှိသည့် တိုင်ကြားစာများဖြစ်စေလို

စိမ်းလန်းမြေ

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

အဂတိလိုက်စားမှုကို တိုက်ဖျက်ရာတွင် နိုင်ငံတကာအတိုင်းအတာဖြင့် ထိရောက်စွာတိုက်ဖျက်နိုင်ရန်နှင့် အဂတိလိုက်စားမှုနှင့် ဆက်စပ်နေသည့် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှု စသည်တို့ကို တားဆီးကာကွယ်ရန်၊ အရေးယူအပြစ်ပေးရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်တို့အတွက် ကုလသမဂ္ဂသည် ၂၀၀၃ ခုနှစ်တွင် ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention Against Corruption–UNCAC) ကို အတည်ပြုခဲ့ပါသည်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၀၅ ခုနှစ်၌ လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုဝင်ရောက်ခဲ့ပါသည်။ UNCAC ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုများကို ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ရေးဆွဲခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် အမိန့်အမှတ် (၁၉/၂၀၁၄)ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖြစ် အမည်ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

**ကောင်းမွန်သောအုပ်ချုပ်မှုစနစ်**

ယခုလက်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို (၂၀-၂-၂၀၂၁) ရက်တွင် ဖွဲ့စည်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူလျက် တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်း၊ စုံစမ်းစစ်ဆေးခြင်းဟူသည့် နည်းလမ်း(၃)သွယ်ဖြင့် မှန်ကန်ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ကို အဆင့်ဆင့်ကြိုးပမ်းဖော်ဆောင်လျက်ရှိပါသည်။

**ကျင့်ဝတ်များ**

ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျင့်ဝတ်နှင့်အညီ ဘက်လိုက်မှုမရှိ ဆုံးဖြတ်ဆောင်ရွက်နိုင်ရန်နှင့် တစ်ဦးတစ်ယောက်တည်း၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း မရှိစေရန် ကော်မရှင်အဖွဲ့ဝင်များပါဝင်သည့် လုပ်ငန်းကော်မတီ(၆)ရပ်ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

**အဆင့်ဆင့်စိစစ်ဆောင်ရွက်**

ထိုသို့ဆောင်ရွက်ရာတွင် တိုင်ကြားစာများနှင့် စပ်လျဉ်း၍ တိုင်ကြားစာစိစစ်သုံးသပ်ရေး လုပ်ငန်းကော်မတီဖွဲ့စည်း၍ ကော်မရှင်သို့ရောက်ရှိလာသည့် တိုင်ကြားစာများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ စိစစ်ပြီး ပုဒ်မ ၂၁ နှင့် ကိုက်ညီပြီး ပုဒ်မ ၂၂ နှင့် ငြိစွန်းခြင်းမရှိသည့် တိုင်ကြားစာများကို စုံစမ်းစစ်ဆေးရန်၊ သက်ဆိုင်ရာဌာနများမှ ဖြေရှင်းပေးရန်သင့်သည့် တိုင်ကြားစာများကို လွှဲပြောင်းရန်နှင့် တိုင်ကြားသူထံ အကြံပြုချက်နှင့်တကွ အကြောင်းပြန်ကြားရမည့် တိုင်ကြားစာများဟူ၍ စိစစ်ပြီး ကော်မရှင်အစည်းအဝေးသို့ တင်ပြရပါသည်။ ကော်မရှင်အစည်းအဝေးက




**“၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ စုံစမ်းစစ်ဆေးခဲ့သည့် တိုင်ကြားစာ ၃၆ စောင်အပေါ် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့သူ ၅၆ ဦး၊ အဆင့်မြင့်အရာရှိ လေးဦး၊ အရာထမ်း ခြောက်ဦးနှင့် ပြင်ပပုဂ္ဂိုလ် သုံးဦး စုစုပေါင်း ၆၉ ဦးအား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်ခဲ့**

တိုင်ကြားမှုအပေါ် စုံစမ်းစစ်ဆေးရန် ဆုံးဖြတ်ပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးပြီး စစ်ဆေးပေါ်ပေါက်ချက်များအရ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရပါသည်။ ဆောင်ရွက်သည့် လုပ်ငန်းစဉ်တိုင်းတွင် အဖွဲ့အစည်းစနစ်ဖြင့်ဆောင်ရွက်သည့်အတွက် အပြန်အလှန် စောင့်ကြည့်ထိန်းကျောင်းသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။

**တိုင်ကြားစာများ**

ကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် စိစစ်ဆဲလက်ကျန်တိုင်ကြားစာများအပါအဝင် ၂၀၂၁ ခုနှစ်အတွင်း တိုင်ကြားစာပေါင်း ၁၆၃၃ စောင် လက်ခံရရှိခဲ့ပါသည်။ တိုင်ကြားစာများအား တိုင်ကြားစာစိစစ်သုံးသပ်ရေးလုပ်ငန်းကော်မတီမှ စိစစ်ခဲ့ရာ အဂတိလိုက်စားကြောင်း ဖော်ပြတိုင်တန်းသည့် တိုင်ကြားစာ ၃၆ စောင်ရှိပြီး စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးဆိုင်ရာ လွဲမှားဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် တိုင်ကြားစာ ၃၉၀၊ လယ်ယာမြေစီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် တိုင်ကြားစာ ၂၂၇ စောင်၊ တရားရုံးမှ စစ်ဆေးဆဲ/တရားရုံးမှ ဆုံးဖြတ်ပြီးအမှုနှင့်စပ်လျဉ်းသည့် တိုင်ကြားစာ ၁၇၅ စောင်၊ ဌာနတွင်း ပုဂ္ဂိုလ်ရေးမမှန်မကန်ဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် တိုင်ကြားစာ ၇၅၄ စောင်၊ တိုင်ကြားပြီး ပြန်လည်ရုပ်သိမ်းသွားသည့် တိုင်ကြားစာကိုးစောင်နှင့် စိစစ်ဆဲ ၄၂ စောင် ဖြစ်ပါသည်။

**အရေးယူဆောင်ရွက်ချက်**

ကော်မရှင်သည် ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ စုံစမ်းစစ်ဆေးခဲ့သည့် တိုင်ကြားစာ ၃၆ စောင်အပေါ် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့သူ ၅၆ ဦး၊ အဆင့်မြင့်အရာရှိ လေးဦး၊ အရာထမ်း ခြောက်ဦးနှင့် ပြင်ပပုဂ္ဂိုလ် သုံးဦး စုစုပေါင်း၆၉ ဦးအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်ခဲ့ပါသည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တိုင်ကြားစာ ၁၆၃၃ စောင်အနက် ၃၅၃ စောင်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် သက်ဆိုင်ခြင်းမရှိသော်လည်း သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်သာ စီမံဆောင်ရွက်ရမည့် စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ တိုင်ကြားစာများဖြစ်ကြောင်း စိစစ်တွေ့ရှိရသည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၆(ဍ)အရ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးပို့ခဲ့ပါသည်။ လွှဲပြောင်းပေးပို့ခဲ့ပြီးသည့် တိုင်ကြားစာများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေအား ပြန်ကြားပေးရန် ညှိနှိုင်းအကြောင်းကြား ဆောင်ရွက်လျက်ရှိရာ လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ ၃၄၇ ဦးအပေါ် အရေးယူဆောင်ရွက်ပြီးစီးမှု အခြေအနေအား ကော်မရှင်သို့ ပြန်လည်ပေးပို့ပြန်ကြားခဲ့ပါသည်။ ထိုသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် အကျုံးဝင်သက်ဆိုင်ခြင်း မရှိသည့် တိုင်ကြားစာများကို လွှဲပြောင်းပေးပို့ခြင်း၊ ပြန်ကြားချက် တောင်းခံခြင်းတို့သည် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်အပေါ် ဝင်ရောက်စွက်ဖက်ခြင်း မဟုတ်ဘဲ နစ်နာသူပြည်သူနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအကြား ပြေလည်စေရန် ရည်ရွယ် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်အတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၎င်းအပြင် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးပေါ်ပေါက်ချက်အရ အဆင့်မြင့်အရာရှိ တစ်ဦး၊ အရာထမ်း ၄၁ ဦး၊ အမှုထမ်း တစ်ဦးတို့အား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၀(ခ)ဖြင့် အရေးယူဆောင်ရွက်ရန် သက်ဆိုင်သည့်ဝန်ကြီးဌာနအဖွဲ့အစည်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

၂၀၂၁ ခုနှစ်အတွင်း လက်ခံရရှိသည့် တိုင်ကြားစာများအနက် အဂတိလိုက်စားမှုနှင့် သက်ဆိုင်ခြင်းမရှိသည့်တိုင်ကြားစာ ၄၉၈ စောင်အား နစ်နာသူပြည်သူများထံသို့ မည်ကဲ့သို့ဆောင်ရွက်သင့်ကြောင်း အကြံပြု အသိပေးပြန်ကြားပေးခဲ့သဖြင့် ပြည်သူများ၏ ကော်မရှင်အပေါ် တုံ့ပြန်ယုံကြည်မှုကို ရရှိခဲ့ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် အကျုံးဝင် သက်ဆိုင်ခြင်းမရှိသော တိုင်ကြားစာများ**

လက်ခံရရှိသည့် တိုင်ကြားစာများအနက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် အကျုံးဝင် သက်ဆိုင်ခြင်းမရှိသည့် တိုင်ကြားစာ ၇၀၄ စောင်ရှိပြီး ၎င်းတိုင်ကြားစာများမှာ ကော်မရှင်သို့ မိတ္တူပေးစာများ၊ အထောက်အထားမဲ့ ပစ်စာများ၊ ရုပ်သိမ်းစာများ၊ ဥပဒေနှင့်အကျုံးမဝင်သည့် တိုင်ကြားစာများဖြစ်၍ ကော်မရှင်မှ အရေးယူဆောင်ရွက်မပေးနိုင်သည့် တိုင်ကြားစာများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ကော်မရှင်သို့ တိုင်ကြားလာသည့် တိုင်ကြားစာအများစုမှာ အဂတိကျူးလွန်၍ တိုင်ကြားခြင်းဟု ဖော်ပြထားသော်လည်း ခိုင်လုံသည့်သက်သေအထောက်အထားများ မပါရှိခြင်း၊ တိုင်ကြားစာပေးပို့ရာတွင် အမည်များလွှဲ၍ ဖော်ပြထားခြင်း၊ အချို့တိုင်ကြားစာများတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာများ မှန်ကန်မှုရှိသော်လည်း ကြိုတင်ထောက်လှမ်းစုံစမ်းရာ၌ ကာယကံရှင်ကိုယ်တိုင် ၎င်းတိုင်ကြားစာနှင့် စပ်လျဉ်း၍ မသိရှိခြင်း၊ အချို့မြေယာစီမံခန့်ခွဲမှုနှင့် စပ်လျဉ်းသည့်တိုင်ကြားစာများတွင် အဂတိမြောက်ကြောင်း ဖော်ပြတိုင်ကြားထားသော်လည်း အဂတိလိုက်စားကြောင်း ခိုင်လုံသည့်သက်သေအထောက်အထားမပါရှိဘဲ စီမံခန့်ခွဲမှုအလွဲများနှင့် သက်ဆိုင်နေခြင်း၊ အချို့မှာ သိမ်းဆည်းမြေပြန်လည်ရယူလိုမှုကြောင့် တင်ပြသည့်အသနားခံစာများ ဖြစ်ခြင်း၊ အချို့မှာ စီးပွားရေးအရ ယှဉ်ပြိုင်ရာတွင် ပြိုင်ဘက်လုပ်ငန်းရှင်မှ လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသွားသည့်အတွက် မကျေမနပ်တိုင်တန်းခြင်း၊ အချို့မှာ တရားရုံးမှဆုံးဖြတ်ပြီးသည့် အမှုအပေါ် အယူခံဝင်ရမည့်အစား ကော်မရှင်သို့တိုင်ကြားခြင်း စသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အကျုံးမဝင်သည့်၊ ကော်မရှင်မှ အရေးယူဆောင်ရွက်ပေးနိုင်ခြင်းမရှိသော တိုင်ကြားစာများ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

**တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

**“မည်သူမဆို အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍ဖြစ်စေ၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ**

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၉ မှ*

ကမ်းရိုးတန်းဒေသခရီးသွားလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်း၊ သယံဇာတနှင့် သတ္တုတူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများကြောင့် အဏ္ဏဝါညစ်ညမ်းခြင်း၊ မြစ်ညာဒေသရေဝေရေလဲဒေသများ လျော့ပါးပျက်စီးလာခြင်းစသည့် ပြဿနာရပ်များကို ဖြေရှင်းနိုင်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အသုံးပြုသူများအကြား ထိန်းညှိပေးပြီး ဟန်ချက်ညီစေရန် အလေးပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**ဟန်ချက်ညီညီစီမံခန့်ခွဲ**

ကမ္ဘာတွင် နေ့စဉ်နှင့်အမျှ လူဦးရေတိုးပွားလာပြီး လူနေထိုင်မှုဘဝပုံစံများ တိုးတက်ပြောင်းလဲနေသည့်အတွက် မြို့ရွာများ၊ လူနေမှုစနစ်များတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီ စီမံခန့်ခွဲနိုင်မှသာလျှင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအပါအဝင် နိုင်ငံများအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များနှင့်အညီ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေကြသည်ကို တွေ့ရမည် ဖြစ်ကြောင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (၁၇) ရပ်ရှိရာ ပန်းတိုင်(၁၄)သည် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် ပန်းတိုင်ဖြစ်ကြောင်း။

ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များရေးဆွဲရာတွင် ကမ္ဘာကြီးပူနွေးလာမှု၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ကြောင်း။

ရာသီဥတုပြောင်းလဲမှုကို အဓိကဖြစ်ပေါ်စေသည့် ဖန်လုံအိမ်ဓာတ်ငွေ့၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များကို ဒီရေတောများ၊ ကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟစနစ်များက အမြောက်အမြား စုပ်ယူသိုလှောင်ထားပြီး အဆိုပါထိန်းသိမ်းသိုလှောင်ပေးထားသည့် ကာဗွန်များကို အပြာရောင် ကာဗွန်(Blue Carbon)ဟု တင်စားခေါ်ဝေါ်ကြကြောင်း၊ ထို့ကြောင့် ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ကမ္ဘာနှင့်အဝန်း မြှင့်တင်ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း။

ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒီရေတောများ ပျက်စီးပြုန်းတီးခြင်းကြောင့် ရာသီဥတု ပြောင်းလဲမှုဖြစ်ပေါ်စေရုံသာမက ကမ်းပါးပြိုတိုက်စားမှု၊ နုန်းအနည်ကျမှုများဖြစ်ပေါ်စေကာ ရေထုအတွင်းငါးများ၏ ရှင်သန်ရပ်တည်မှုကို ထိခိုက်ပျက်စီးစေမည်ဖြစ်သည့်အတွက် ဒီရေတောများတည်ထောင်စိုက်ပျိုးခြင်း၊ သဘာဝဒီရေတောများ ထိန်းသိမ်းကာကွယ်ခြင်းစသည့် အစိမ်းရောင်အကာအရံတံတိုင်းများ ပြုစုတည်ထောင်ခြင်းကဲ့သို့သော သဘာဝအခြေခံဖြေရှင်းသည့် နည်းလမ်းများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကမ်းရိုးတန်းနှင့် အဏ္ဏဝါဆိုင်ရာစီးပွားရေးလုပ်ငန်းများဖြစ်သည့် ပင်လယ်ရေကြောင်း ခရီးသွားလာရေးလုပ်ငန်း၊ ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်းစသည့် စီးပွားရေးလုပ်ငန်းများကိုလည်း အပြာရောင်စီးပွားရေးဟု တင်စားခေါ်ဝေါ်ကြပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းလမ်းများကို လိုက်နာကျင့်သုံးကာ Blue Economy ဖွံ့ဖြိုးရေးဆောင်ရွက်ကြရန် ကမ္ဘာနှင့်အဝန်း နှိုးဆော်ဆောင်ရွက်လျက်ရှိကြောင်း။

> **“ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသလုပ်ငန်းကဏ္ဍ နယ်ပယ်များအလိုက် စီမံအုပ်ချုပ်မှုအစီအစဉ် များနှင့်မူဝါဒများ ခိုင်မာစွာ သတ်မှတ်ထားရှိခြင်း၊ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါအရင်းအမြစ်များ ထုတ်ယူရေးတွင်ထိရောက်စွာ ရင်းနှီးမြှုပ်နှံနိုင်ခြင်း၊ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝခြင်းကြောင့် ထိန်းသိမ်းရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်ရန် အခြေအနေကောင်းများရှိခြင်းနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် ဒီရေတောများ တည်ထောင်ပြုစုထိန်းသိမ်းသည့်လုပ်ငန်းများကို ပတ်ဝန်းကျင်ဆိုင်ရာ လုံခြုံရေးနှင့် ကာကွယ်မှုမြှင့်တင်ရေး အစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်ခြေရှိခြင်းများ ဖြစ်သည်ဟု တင်ပြထားရှိ”**

မြန်မာနိုင်ငံတွင် Blue Economy ဖွံ့ဖြိုးရေးဆောင်ရွက်နိုင်ခြေရှိသည့် အခွင့်အလမ်း (၄) ရပ်ကို Wildlife Conservation Society (WCS Myanmar) က ၂၀၁၅ ခုနှစ်တွင် သုံးသပ်တင်ပြထားရာ **ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသ လုပ်ငန်းကဏ္ဍနယ်ပယ်များအလိုက် စီမံအုပ်ချုပ်မှုအစီအစဉ်များနှင့်မူဝါဒများ ခိုင်မာစွာ သတ်မှတ်ထားရှိခြင်း၊ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါအရင်းအမြစ်များ ထုတ်ယူရေးတွင်ထိရောက်စွာ ရင်းနှီးမြှုပ်နှံနိုင်ခြင်း၊ ပင်လယ်ကမ်းရိုးတန်းနှင့်အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝခြင်းကြောင့် ထိန်းသိမ်းရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်ရန် အခြေအနေကောင်းများရှိခြင်းနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် ဒီရေတောများ တည်ထောင်ပြုစုထိန်းသိမ်းသည့်လုပ်ငန်းများကို ပတ်ဝန်းကျင်ဆိုင်ရာ လုံခြုံရေးနှင့်ကာကွယ်မှု မြှင့်တင်ရေး အစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်ခြေရှိခြင်းများ**ဖြစ်သည်ဟု တင်ပြထားရှိကြောင်း။

**လုပ်ငန်းစီမံချက်များဖော်ထုတ်**

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုပန်းတိုင် (၁၄)ဖြစ်သည့် ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း လက်တွဲပူးပေါင်းဆောင်ရွက်နေသကဲ့သို့ ကိုဗစ်ကပ်ရောဂါ ကာလအလွန် ပင်လယ်ကမ်းရိုးတန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနများအလိုက်၊ ကဏ္ဍများအလိုက် ထိရောက်သည့် လုပ်ငန်းစီမံချက်များ ဖော်ထုတ်ဆောင်ရွက်ကြရန် အားပေးဆောင်ရွက်လျက်ရှိကြောင်း။ ထို့ကြောင့် အနာဂတ်ကာလ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသ ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်သည့်အခါ မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းဒေသဘက်စုံစီမံအုပ်ချုပ်ခြင်း အစီအစဉ်နှင့်ချိတ်ဆက်၍ Blue Economy ကဏ္ဍဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဗဟိုကော်မတီ (ပထမအကြိမ်) အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ဗဟိုကော်မတီ ဖွဲ့စည်းစဉ်ကပင် သတ်မှတ်ပြဋ္ဌာန်းထားသည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးကြသည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်း။ ကော်မတီဝင်များအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်ဆိုင်းထားရသည့် ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတ ကာကွယ်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်ရန်၊ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများ ထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြရန်၊ သက်ဆိုင်ရာကဏ္ဍအလိုက်၊ ဝန်ကြီးဌာနများအလိုက် ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေပြင် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ဆဲ၊ ရှေ့ဆက်ဆောင်ရွက်သင့်သည့် အစီအမံများနှင့်လုပ်ငန်းစဉ်များကို ပွင့်လင်း မြင်သာစွာ တင်ပြဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပင်လယ်ကမ်းရိုးတန်းဒေသဆိုင်ရာ အသိပညာပေး ဗီဒီယိုကို ပြသသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ကော်မတီ၏လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းဆောင်ရွက် ပြီးစီးမှုများ၊ ICM အစီအစဉ်ရေးဆွဲရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

**ဖွဲ့စည်းသောလုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ၊ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကိုပေးပို့နိုင်ပြီး”** အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်သည့် ထိရောက်သော တိုင်ကြားစာများ ဖြစ်စေရန် တိုင်ကြားစာများပေးပို့ရာတွင် **“ကော်မရှင်ထံ မိတ္တူပေးပို့ခြင်း မပြုဘဲ ကိုယ်တိုင်လိပ်မူပေးပို့ရပါမည်”။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ်များ ပါဝင်ရပါမည်။ ၎င်းအပြင် အရေးကြီးသော မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည့် သက်သေခံချက်များ ရှိကြောင်း** ဖော်ပြနိုင်ရပါမည်။

> **“လက်ခံရရှိသည့် တိုင်ကြားစာများအနက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် အကျုံးဝင်သက်ဆိုင်ခြင်း မရှိသည့် တိုင်ကြားစာ ၇၀၄ စောင်ရှိပြီး ၎င်းတိုင်ကြားစာများမှာ ကော်မရှင်သို့ မိတ္တူပေးစာများ၊ အထောက်အထားမဲ့ပစ်စာများ၊ ရုပ်သိမ်းစာများ၊ ဥပဒေနှင့် အကျုံးမဝင်သည့်တိုင်ကြားစာများဖြစ်၍ ကော်မရှင်မှ အရေးယူဆောင်ရွက်မပေးနိုင်သည့် တိုင်ကြားစာများဖြစ်ကြောင်း စိစစ်တွေ့ရ”**

တိုင်ကြားစာပေးပို့ရာတွင် **“ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန်၊ ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက အရေးယူခံရနိုင်”** သည်ကိုလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၉ တွင် “မမှန်မကန် သတင်းပေးပို့တိုင်တန်းခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ခံရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်” ဟု ဖော်ပြထားသည်ကို သတိပြုကြရပါမည်။

**ပူးပေါင်းဆောင်ရွက်ကြပါစို့**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သည် အဂတိလိုက်စားမှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းနည်းလမ်း သုံးသွယ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူများထံမှပေးပို့လာသည့် တိုင်ကြားစာများအပေါ် အရေးယူဆောင်ရွက်နိုင်ရေးအတွက် ပေးပို့တိုင်ကြားသည့်နည်းလမ်းနှင့် အကြောင်းအရာမှန်ကန်ရန် စိစစ်နိုင်သည့်မှတ်တမ်း၊ သက်သေခံချက်များ ပူးတွဲပါရှိရန် လိုအပ်၍ ပြည်သူများထံမှ ပေးပို့လာသည့် တိုင်ကြားစာများကိုလည်း အလေးထား စိစစ်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူများ မလိုလားသော အဂတိအမှုအခင်းများ တဖြည်းဖြည်း လျော့ပါးကင်းစင်၍ အမိနိုင်ငံတော်၏ ပုံရိပ်ကို မြှင့်တင်နိုင်ရန်အတွက် ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းနှိုးဆော်ဖော်ပြအပ်ပါသည်။ ။

ကိုးကား

- **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး Website (www.accm.gov.mm) တွင် ဖော်ပြထားသည့် အချက်အလက်များနှင့် အခြားအချက်အလက်များ**
- **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ထုတ်ပြန်သော တိုင်ကြားရာတွင်သတိပြုရမည့်အချက်များ**
- **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ**

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်-၁၉ တွင် ကျင်းပပြုလုပ်ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းမင်းဦး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ထမနဲထိုးပြိုင်ပွဲဝင်ကြမည့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဦးစီးဌာနနှင့် လုပ်ငန်းများအလိုက် ပျော်ရွှင်စွာ ထမနဲထိုးပြိုင်ပွဲဝင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) သစ်တောတွင်း လုပ်ငန်းအသင်းကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက လည်းကောင်း၊ ဒုတိယဆု ရရှိသည့် အသင်းကို ဒုတိယဝန်ကြီး ဦးမင်းမင်းဦးက လည်းကောင်း၊ နှစ်သိမ့်ဆုနှင့် တတိယဆုရရှိသော အသင်းများကို ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက လည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခတ်မြို့၊ မိုင်းယောင်းမြို့တို့ရှိ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများ ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့ နံနက်ပိုင်းတွင် မိုင်းခတ်မြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ဆရာဆရာမများအနေဖြင့် နိုင်ငံအတွက် ပညာတတ်များ မွေးထုတ် ပေးနိုင်ရေးအတွက် ဝိုင်းဝန်းလက်တွဲ ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအတွင်း အန္တရာယ်ရှိ ကျောင်းဆောင်ဖျက်သိမ်း၍ ပေ ၁၄၀ x ၃၀ ရှိ သုံးထပ်စာသင်ဆောင်သစ် တည်ဆောက်နိုင်ရေး၊ အန္တရာယ်ဆောင် ဖျက်သိမ်းစဉ်အတွင်း ကျောင်းသားကျောင်းသူများ ပညာသင်ကြားမှု မထိခိုက်စေရေး စီစဉ်ဆောင်ရွက်ပေးရန်၊ ရေရရှိရေးအတွက် အဝီစိတွင်း၊ ရေစင်များ ဖြည့်ဆည်းပေးရေးနှင့် ဆရာ ဆရာမ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် လိုအပ်သည်များ စီမံဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မိုင်းယောင်းမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကိုကြည့်ရှု၍ ငယ်စဉ်ကတည်းက ပညာကို ကြိုးစားသင်ကြားကြရန်၊ အခက်အခဲများ ကြုံတွေ့ပါကလည်း စိတ်ဓာတ်မကျဘဲ ပညာတတ် လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကြရန် အားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေး၍ ကျောင်းအတွက် လိုအပ်သော ကျောင်းဆောင်အဝင် ကွန်ကရစ်လမ်း၊ ဘတ်စကက်ဘောကွင်း၊ ဝန်ထမ်းအိမ်ရာ၊ ကျောင်းသားကျောင်းသူများ ဆိုင်ကယ်ထားရန် အမိုးပါအဆောက်အအုံ၊ RCC သုံးထပ်စာသင်ဆောင်နှင့် ရေစက်စသည့် လိုအပ်ချက်များကို ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တာဝန်ရှိသူများကို လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်သည် ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်ဇော်နိုင်၊ ဦးအောင်ဇော်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်တင်နှင့် တာဝန်ရှိသူများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ တားဆီး ကာကွယ်ရေး၊ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လက်ခံတွေ့ဆုံသည်။** (ယာပုံ)



ပထမဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ဘာသာပေါင်းစုံ လွတ်လပ်စွာ ဝတ်ပြုကိုးကွယ်မှု ပြုထားပါကြောင်း၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့အနေဖြင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စီးပွားရေး ကဏ္ဍတို့တွင် တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြစေလိုပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ စည်ကားသိုက်မြိုက်စေရေးအတွက်လည်း ပံ့ပိုးကူညီစေလိုပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး၊ တိုင်းပြည် အေးချမ်းသာယာရေးအတွက် အလေးထား ဆောင်ရွက်လျက် ရှိပါကြောင်း၊ ကမ္ဘာပေါ်ရှိ ဘာသာတရားအားလုံး၏အခြေခံသည် မေတ္တာတရားဖြစ်ပါကြောင်း၊ မေတ္တာတရားမှတစ်ဆင့် ငြိမ်းချမ်းရေးရရှိပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း၊ လိုအပ်ချက်များရှိပါကလည်း အချိန်မရွေးတင်ပြနိုင်ပြီး ကူညီဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက နိုင်ငံသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး၊ ပညာရည် မြင့်မားတိုးတက်ရေး၊ ငြိမ်းချမ်းရေးတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး နိုင်ငံတော်ငြိမ်းချမ်းသာယာရေးအတွက် အတတ်နိုင်ဆုံး ပံ့ပိုးကူညီဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးမိတ်မြို့နယ် အာသံကျေးရွာ၌ မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုးမိတ် ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့၌ မြို့နယ်စည်ပင် သာယာရေးဌာနအနေဖြင့် မြို့နယ်သန့်ရှင်းသာယာလှပရေးနှင့် မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် နှစ်စဉ် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိရာ အာသံကျေးရွာရှိ အာသံဘုန်းကြီးကျောင်းလမ်းအား မြေသားလမ်းအဖြစ်မှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးတင်ရိုန်တို့က စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**တာဝန်ယူဆောင်ရွက်**

အဆိုပါလမ်းသည် ကွန်ကရစ်လမ်းဖြစ်ပြီး အရှည်ပေ ၃၉၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိကာ ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ် မီနီဘတ်ဂျက်ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေကျပ် ၈၂၉၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ပြီး ကျေးလက်နေပြည်သူများ သွားလာရေး လွယ်ကူစေရန်အတွက် မြို့နယ်စည်ပင်သာယာဦးစီးဌာနမှ တာဝန် ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အမေရိကန်နှင့် ရုရှား တို့ ယူကရိန်းအရေး ဆက်လက်ဆွေးနွေး

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၆**

ယူကရိန်းအနီးမှ တပ်ဖွဲ့ဝင်များ တစ်စိတ်တစ်ပိုင်း ပြန်လည်ဆုတ်ခွာလာပြီဆိုသည့် ရုရှား၏ ကြေညာချက်အပေါ် အနောက်နိုင်ငံများက သတိထားစောင့်ကြည့်လျက်ရှိသည်။

စစ်ရေးလေ့ကျင့်မှုများပြီးဆုံးပြီးနောက် တပ်ဖွဲ့ဝင်များ ပြန်လည်ဆုတ်ခွာလာကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၅ ရက်က ပြောကြားလိုက်သည်။

သို့သော်လည်း ရုရှား၏ ပြောကြားချက်အပေါ် အမေရိကန်နိုင်ငံက အတည်မပြုနိုင်သေးကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ဖေဖော်ဝါရီ ၁၅ ရက်က ပြောကြားလိုက်သည်။

အမေရိကန်ပြည်ထောင်စုနှင့် ရုရှားတို့သည် ယူကရိန်းအခြေအနေနှင့်ပတ်သက်ပြီး ဆက်လက်ဆွေးနွေးရန် သဘောတူခဲ့သည်။ သို့သော်လည်း ယူကရိန်း နေတိုးနှင့် ပူးပေါင်းမည့်ကိစ္စနှင့် ပတ်သက်ပြီး နှစ်ဖက်စလုံးတွင် အံမဝင်ခွင်မကျ ဖြစ်လျက်ရှိသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ရုရှားနိုင်ငံအနေဖြင့် စစ်ပွဲကို အလိုမရှိကြောင်း ဖေဖော်ဝါရီ ၁၅ ရက်က ပြောကြားလိုက်သည်။ တစ်ဆက်တည်းပင် ပူတင်က ယူကရိန်းအား နေတိုးအဖွဲ့ထဲသို့ မည်သည့်အခါတွင်မှ ဝင်ရောက်ခြင်း မပြုရန် တောင်းဆိုလိုက်သည်။ ဘိုင်ဒင်က နိုင်ငံတိုင်းတွင် အချုပ်အခြာအာဏာရှိသလို ပိုင်နက်တည်တံ့ခိုင်မြဲခွင့်ရှိကြောင်းနှင့် ၎င်းတို့လမ်းကြောင်းကို ၎င်းတို့ကိုယ်တိုင် ချမှတ်နိုင်သည့် ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိကြောင်း၊ မည်သည့်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မည်ကို ၎င်းတို့ကိုယ်တိုင်လွတ်လပ်စွာရွေးချယ်ခွင့်ရှိကြောင်း ပြောကြားလိုက်သည်။




အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်

လက်နက်ထိန်းချုပ်ရေး ဆောင်ရွက်ချက်သစ်နှင့် နေတိုးနှင့် ရုရှားအပေါ် သက်ရောက်မှုရှိစေမည့် မဟာဗျူဟာ တည်ငြိမ်ရေးဆောင်ရွက်ချက်များကို အဆိုပြုထားကြောင်း ဘိုင်ဒင်က ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ်-၁၉ ဖြင့် ဆေးရုံတက်နေရသည့် ဂျပန်မင်းသမီး ဆေးရုံမှဆင်း

**တိုကျို ဖေဖော်ဝါရီ ၁၆**

ဂျပန်မင်းသမီး ယိုကိုသည် ကိုဗစ်-၁၉ ကုသမှုခံယူနေသည့် ဆေးရုံမှ ပြန်လည်ဆင်းလာပြီဖြစ်သည်။

အသက် ၃၈ နှစ်ရှိ မင်းသမီးသည် တိုကျိုတက္ကသိုလ်ဆေးရုံမှ ဖေဖော်ဝါရီ ၁၆ ရက်တွင် ဆင်းလာခဲ့သည်။ မင်းသမီး ယိုကိုသည် ဖေဖော်ဝါရီ ၈ ရက်က ကိုရိုနာဗိုင်းရပ်စ် စစ်ဆေးတွေ့ရှိခဲ့သည်။

အဆုတ်အအေးမိ လက္ခဏာများတွေ့ရှိခဲ့သည့်အတွက် ကိုဗစ်-၁၉ တွေ့ရှိပြီး နောက်တစ်နေ့တွင် ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း အဖျားမရှိကြောင်း သိရသည်။



ဂျပန်မင်းသမီး ယိုကို

မင်းသမီးတွင် ကိုဗစ်-၁၉ လက္ခဏာ အသင့်အတင့်ဖြစ်ပွားခဲ့ကြောင်း အိမ်တော်ထိန်းသိမ်းရေးအေဂျင်စီက ပြောသည်။ ထို့အပြင် သူမ၏ရောဂါလက္ခဏာများသည် ဆေးကုသမှုကြောင့် တိုးတက်ကောင်းမွန်လာခဲ့ကြောင်းနှင့် ဆရာဝန်၏ ခွင့်ပြုချက်ဖြင့် ဆေးရုံမှ ဆင်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# လာအိုနိုင်ငံ၌ အသက် ၆ နှစ်မှ ၁၁ နှစ်အတွင်းရှိ ကလေးများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးတော့မည်

**ဗီယန်ကျင်း ဖေဖော်ဝါရီ ၁၆**

လာအိုနိုင်ငံ၌ အသက် ၆ နှစ်မှ ၁၁ အတွင်းရှိကလေးများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးတော့မည်ဖြစ်ကြောင်း ပြည်တွင်းမီဒီယာများတွင် ဖေဖော်ဝါရီ ၁၆ ရက်က ဖော်ပြသည်။

ပြည်တွင်းနေ့စဉ်သတင်းစာဖြစ်သော ဗီယန်ကျင်းနေ့စဉ်က အမျိုးသားရောဂါ ခုခံနိုင်စွမ်းဆိုင်ရာအစီအစဉ် ဒုတိယမန်နေဂျာ ချန်ဆိုင်းပါသန်မာဗွန်က ကလေးငယ် ၉၅၇၀၀၀ ကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးတော့မည်ဆိုသည့် ပြောကြားချက်ကို ကိုးကားဖော်ပြခဲ့သည်။

ကလေးငယ်များကို ကာကွယ်ဆေးထိုးပေးခြင်းသည် တခြားမိသားစုဝင်များကိုလည်းကာကွယ်ဆေးထိုးရန် အားတက်စေမည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောသည်။ အသက် ၆ နှစ်မှ ၁၁ နှစ်အတွင်းရှိ ကလေးငယ်များကို ကာကွယ်ဆေးထိုးပေးမှုကို လာအိုနိုင်ငံ မြို့တော်ဗီယန်ကျင်း၌ စတင်တော့မည်ဖြစ်သည်။

ယခုအချိန်အထိ ကာကွယ်ဆေးထိုးနိုင်သည့် လူဦးရေ ၆၅ ဒသမ ၇၄ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူပြီးပြီဖြစ်သည်။ ၅၇ ဒသမ ၈၆ သန်းသည် ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးပြီဖြစ်သည်။

**ဆင်ဟွာ**

# အရှေ့တောင်အာရှ၌ အိုမီခရွန်ဗိုင်းရပ်စ်ကြောင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ မြင့်တက်

**ဂျကာတာ ဖေဖော်ဝါရီ ၁၆**

အရှေ့တောင်အာရှ၌ အိုမီခရွန်ဗိုင်းရပ်စ်ကြောင့် ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားမှုသစ်များ မြင့်တက်လာခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၌ ဖေဖော်ဝါရီ ၁၅ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၇၀၀၀ ကျော် ရှိခဲ့ပြီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးနေ့တစ်နေ့ ဖြစ်ခဲ့သည်။ လွန်ခဲ့သော အောက်တိုဘာလမှ စတင်ကာ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၀၀ အောက်ကျဆင်းခဲ့သော်လည်း အိုမီခရွန်ဗိုင်းရပ်စ်ကြောင့် လွန်ခဲ့သည့်လတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ပြန်လည် မြင့်တက်လာခဲ့သည်။



ထိုင်းနိုင်ငံ ဗန်ကောက်တွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးရန် နှာခေါင်းတို့ဖတ်နမူနာ ရယူနေစဉ်။

ဂျကာတာနှင့် တခြားနေရာများတွင် အစိုးရသည် ကိုဗစ်-၁၉ ကာကွယ် တားဆီးရေးဆိုင်ရာ ကန့်သတ်ချက်များကို တင်းကျပ်လိုက်သည်။ အဝေးမှ အလုပ်လုပ်ရန်နှင့် စားသောက်ဆိုင်များတွင်လည်း ဧည့်သည်အရေအတွက်ကို လျှော့ချကန့်သတ်ထားရန် သက်ဆိုင်ရာအာဏာပိုင်များက တိုက်တွန်းထားသည်။

ထိုင်းနိုင်ငံတွင် ဖေဖော်ဝါရီ ၁၅ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူသစ် ၁၉၀၀၀ ကျော်ရှိခဲ့သည်။ ဖေဖော်ဝါရီ ၁၆ ရက်တွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ပထမဆုံးအကြိမ်အဖြစ် ၂၇၀၀၀ ကျော် ရှိခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တောင်ကိုရီးယားနိုင်ငံတွင် ဇန်နဝါရီလ၌ အလုပ်အကိုင်အခွင့်အလမ်းပေါင်း တစ်သန်းကျော်ပေါ်ပေါက်

**ဆိုးလ် ဖေဖော်ဝါရီ ၁၆**

တောင်ကိုရီးယားနိုင်ငံတွင် ဇန်နဝါရီလ၌ အလုပ်အကိုင်အခွင့်အလမ်းပေါင်း တစ်သန်းကျော် ပေါ်ပေါက်ခဲ့သည်။ ၂၂ နှစ်အတွင်း ပထမဆုံးအကြိမ် အလျင်အမြန်ဆုံးနှုန်းဖြင့် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီလတွင် အလုပ်အကိုင်ရရှိသူ ၂၆၉၅၃၀၀၀ ရှိပြီး ယမန်နှစ်ကထက် ၁၁၃၅၀၀၀ တိုးလာခဲ့ကြောင်း ကိုရီးယားစာရင်းအင်းများအရ သိရသည်။ ၂၀၀၀ ပြည့်နှစ်မတ်လမှစတင်ကာ ၂၂ နှစ်နီးပါးအတွင်း ပထမဆုံးအကြိမ်အဖြစ် အလုပ်အကိုင်ရရှိမှု အမြန်ဆုံးဖြစ်ထွန်းပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်လာသည့်အတွက် ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် အလုပ်အကိုင်ပေါင်း ၉၈၂၀၀၀ ခန့်နစ်နာခဲ့သည်။

**ဆင်ဟွာ**

# (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့ကြသည့် ဂုဏ်ပြုယာဉ်များနှင့် တိုင်းရင်းသားရိုးရာအစားအစာများရောင်းချမှုများကို လာရောက်လေ့လာကြည့်ရှုအားပေးကြသည့်ပြည်သူများ၏ သုံးရက်တာမြင်ကွင်း

**နေပြည်တော်    ဖေဖော်ဝါရီ  ၁၆**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့ကြသည့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များနှင့် တိုင်းရင်းသားရိုးရာအစားအစာများ ရောင်းချမှုအား နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ သုံးရက်တိုင်တိုင် ခင်းကျင်းပြသခဲ့ရာ ပြည်သူများစိတ်ပါဝင်စားစွာ တစ်ခဲနက်လာရောက်လေ့လာကြည့်ရှုအားပေးခဲ့ကြသည်များကို ဖော်ပြလိုက်ပါသည်။





















❑ ဓာတ်ပုံ - သတင်းစဉ်





















❑ ဓာတ်ပုံ - ဇော်ဘီ

# ငြိမ်းချမ်းရေးတံဆိပ်ကပ်ပေးမယ့် အလုံးစုံပျက်သုဉ်းရေး လက်နက်တစ်ခု နိုဘယ်ဆု

**မိုးမြင့်**

◆ **အခုလို နိုင်ငံတကာက ခပ်ကြောင်ကြောင် နိုင်ငံရေးသမားတွေက သူတို့နိုင်ငံရေးမှာ နာမည်ရဖို့၊ ပါလီမန်မှာ အမတ်နေရာတိုးရဖို့ နိုင်ငံရေးတိုက်ကွက်ဖော်တာက အရေးမကြီးဘူး၊ ကျွန်တော်တို့နိုင်ငံက အကြမ်းဖက်သမားတွေအတွက်တော့ အရူးဘုံမြောက်၊ မျောက်အုန်းသီးရသလိုဖြစ်ပြီး တိုင်းရင်းသားပြည်သူအားလုံး ဒုက္ခတွင်းထဲက မထွက်နိုင်ဖြစ်ကြမှာကိုလည်း အစိုးရိမ်ကြီးစိုးရိမ်မိပါတယ်။ အားလုံးသိတဲ့အတိုင်း ကျွန်တော်တို့ နိုင်ငံဟာ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို ပြည်တွင်းပြည်ပ ဖိအားအနှောင့်အယှက် များစွာကြားက ကြိုးစားပမ်းစား ဆောင်ရွက်နေရတဲ့နိုင်ငံပါ**



နိုဘယ်ဆုကို ဘာကြောင့်ရသည်ဟု ကိုယ်တိုင် နားမလည်ကြောင်း ပြောကြားခဲ့သည့် ၂၀၀၉ နိုဘယ်ဆုရှင် အမေရိကန်သမ္မတ ဘားရက် အိုဘားမား။

ထူးခြားသတင်းတစ်ပုဒ် တွေ့လိုက်ရပါတယ်။

နိုဘယ်ဆုပေးရေး ငါးဦး ကော်မတီထံကို သြဇာတိက္ကမကြီးလှတဲ့ ကမ္ဘာ့နိုဘယ်ငြိမ်းချမ်းရေးဆုကြီးပေးဖို့အတွက် မြန်မာနိုင်ငံက ပြည်ဖျက်ပြည်ပြေးအဖွဲ့တစ်ဖွဲ့ရဲ့ အမည်စာရင်းတင်သွင်းလိုက်တဲ့ကိစ္စပါ။

တင်သွင်းတဲ့အဖွဲ့က မြန်မာနိုင်ငံကို အမြဲတမ်းဆန့်ကျင်၊ မြန်မာအတိုက်အခံ မှန်သမျှကို အားပေးထောက်ခံနေတဲ့ နော်ဝေနိုင်ငံက ပါတီငယ်လေးတစ်ခုဖြစ်တဲ့ နော်ဝေ လစ်ဘရယ်ပါတီ ဖြစ်ပါတယ်။ ဗဟိုလစ်ဘရယ်ဆန်ဆန် လူထုထောက်ခံမှု ၄ ဒသမ ၆ ရာခိုင်နှုန်းလောက်နဲ့ နော်ဝေပါလီမန်မှာ နေရာ ၈ နေရာလောက်သာရတဲ့ အတိုက်အခံပါတီငယ်လေးတစ်ခု သာသာရယ်ပါ။

ယှဉ်ပြိုင်စာရင်းသွင်းခံရတဲ့ အနေအထားလေ့လာကြည့်ပြန်တော့ အမေရိကန်ကို ဆန့်ကျင်တဲ့ ရုရှားယိမ်း ဘီလာရုစ်နိုင်ငံက အတိုက်အခံခေါင်းဆောင်တစ်ဦး၊ ပုပ်ရဟန်းမင်းကြီး၊ ပတ်ဝန်းကျင်နဲ့ သဘာဝပတ်ဝန်းကျင်ရေးရာမှာ တက်တက်ကြွကြွလှုပ်ရှားနေတဲ့ အသက် ၁၉ နှစ်လောက်သာရှိသေးတဲ့ လူငယ်မိန်းကလေး ဂရီတာသန်းဘာဂ်၊ နောက်တစ်ယောက်က ဘာသာမဲ့ သက်သတ်လွတ်သမား၊ အောင်မြင်မှုဆုလာဘ်တွေ အများကြီးရထားသူ ဒေးဗစ်အက်တန်ဘရော့ချ် စတဲ့ ပုဂ္ဂိုလ်အကျော်အမော်တွေပဲ ဖြစ်ပါတယ်။

ဒီလိုပုဂ္ဂိုလ်တွေနဲ့အတူ မြန်မာနိုင်ငံကနေ ဘယ်မှာမှန်းမသိ အဝေးရောက် ပုန်းအောင်းတိမ်းရှောင်နေရပြီး မကြာခင်ကမှ ကချင်အပါအဝင် တိုင်းရင်းသား ၁၃၅ မျိုး စုပေါင်းနေထိုင်ကြတဲ့ နိုင်ငံတွင်းမှာ ပြည်တွင်းစစ်ကြီးဆင်နွှဲဖို့ ဆော်သြခဲ့တဲ့ ဆန့်ကျင်ဘက် ပြည်ဖျက်အဖွဲ့တစ်ခုကို ကမ္ဘာ့ငြိမ်းချမ်းရေး၊ မြန်မာနိုင်ငံနဲ့ပြည်သူတွေအတွက် ငြိမ်းချမ်းရေး ဖန်တီးရှင်အဖြစ်ပုံဖော်တော့မယ်ဆိုလေတော့.... ။

**အရူးဘုံမြောက်၊ မျောက်အုန်းသီးရသလိုဖြစ်မယ်**

**အခုလို နိုင်ငံတကာက ခပ်ကြောင်ကြောင် နိုင်ငံရေးသမားတွေက သူတို့နိုင်ငံရေးမှာ နာမည်ရဖို့၊ ပါလီမန်မှာ အမတ်နေရာတိုးရဖို့ နိုင်ငံရေးတိုက်ကွက်ဖော်တာက အရေးမကြီးဘူး၊ ကျွန်တော်တို့နိုင်ငံက အကြမ်းဖက်သမားတွေအတွက်တော့ အရူးဘုံမြောက်၊ မျောက်အုန်းသီးရသလိုဖြစ်ပြီး တိုင်းရင်းသားပြည်သူအားလုံး ဒုက္ခတွင်းထဲက မထွက်နိုင်ဖြစ်ကြမှာကိုလည်း အစိုးရိမ်ကြီး စိုးရိမ်မိပါတယ်။ အားလုံးသိတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံဟာ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို ပြည်တွင်းပြည်ပ ဖိအားအနှောင့်အယှက်များစွာကြားက ကြိုးစားပမ်းစားဆောင်ရွက်နေရတဲ့နိုင်ငံပါ။**

ငြိမ်းချမ်းရေး ၊ တည်ငြိမ်ရေး ၊ အေးချမ်းရေး ၊ တိုးတက်ဖွံ့ဖြိုးရေး ဘယ်သူတွေ ဦးဆောင်လုပ်နေသလဲ၊ အဖျက်သမားတွေကြောင့် ဘယ်သူတွေ ဒုက္ခရောက်နေကြသလဲ၊ ထမင်းစားသူတိုင်း သိပါတယ်။ ဒီလိုပြည်ဖျက်အဖွဲ့မျိုးကိုမှ အမည်စာရင်းတင်သွင်းခြင်းကို လက်ခံစဉ်းစားပေးတဲ့ အဖွဲ့အစည်းမျိုး၊ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားတဲ့ မြန်မာပြည်သူတွေအတွက် လုံးဝစိတ်မပူ၊ မစာနာတတ်တဲ့ အဖွဲ့အစည်းမျိုးကိုလည်း သြချလောက်တဲ့အဖွဲ့လို့ပဲ ဆိုရမှာပါပဲ။ ချီးမြှင့်ထိုက်သူကို ချီးမြှောက်ခြင်းဟာ မင်္ဂလာတစ်ပါးတော့ဖြစ်ပါတယ်။ ဒါပေမယ့် ချီးမြှောက်သူမှာ ချီးမြှောက်နိုင်တဲ့အရည်အချင်းနဲ့ တွေးခေါ်ဆင်ခြင်တုံတရားမရှိရင်တော့ ချီးမြှင့်ခံရသူရော၊ ချီးမြှင့်ခံရသူနဲ့ ဆက်နွှယ်ပတ်သက်နေတဲ့ အသိုင်းအဝိုင်းမှာပါ ဒုက္ခလှလှကြီးတွေ့ရတတ်တယ်ဆိုတာ သမိုင်းစဉ်အရရော လက်တွေ့မှာပါ အတွေ့အကြုံတွေရှိပြီးလောက်ပြီထင်ပါတယ်။

**အဖိုးတန်ဂုဏ်ဒြပ်တွေနဲ့ အနှစ်သာရရှိသောဆုများဖြစ်**

အားလုံးက နိုဘယ်ဆုဆိုရင် ငြိမ်းချမ်းရေးနဲ့ ယှဉ်တွဲပြီးမြင်ကြပါတယ်။ နိုဘယ် ငြိမ်းချမ်းရေးဆုသည်ပင်လျှင် နိုဘယ်ဆု ငါးဆုအနက် တစ်ခုပါ။ ကျန်တဲ့ဆုတွေက ဓာတုဗေဒ၊ ရူပဗေဒ၊ ဆေးပညာသို့ ဇီဝကမ္မဗေဒ၊ စာပေဆုများဖြစ်ပါတယ်။ ကမ္ဘာကြီးနဲ့ ကမ္ဘာ့လူသားတွေအကျိုးအတွက် ဆောင်ကြဉ်းပေးနိုင်တဲ့ အဖိုးတန်ဂုဏ်ဒြပ်တွေနဲ့ ပြည့်နေတဲ့ အနှစ်သာရရှိတဲ့ ကမ္ဘာ့ဆုတွေပါ။ ငြိမ်းချမ်းရေးဆုရဲ့သဘောက ကမ္ဘာကြီးမှာ ငြိမ်းချမ်းရေးကို မြှင့်တင်ဖော်ဆောင်နိုင်သူ၊ လက်နက်ကိုင်တိုက်ပွဲတွေနဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေ လျော့နည်းပပျောက်ချုပ်ငြိမ်းရေး၊ ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံမှုတွေကို လျော့ကျစေပြီး ပဋိပက္ခမဖြစ်အောင် စတဲ့ ငြိမ်းချမ်းရေးကိစ္စတွေမှာ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်သူတွေအတွက် ချီးမြှင့်ခြင်းဖြစ်ပါတယ်။ အဓိပ္ပာယ်က အင်မတန်လေးနက်ပါတယ်။ ၁၉၀၁ ခုနှစ်မှစပြီး မြန်မာနိုင်ငံက ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အမျိုးသမီးတွေ၊ လူပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေများစွာ ချီးမြှင့်ခံခဲ့ရပြီးလည်းဖြစ်ပါတယ်။

**ငြိမ်းချမ်းရေးအတွက် စဉ်ဆက်မပြတ်စတေးခံသူတွေနဲ့သာ ထိုက်တန်သောဆု**

ဒီနေရာမှာ နိုဘယ်ဆုများရဲ့ သမိုင်းဖြစ်တည်ရာ ဆွီဒင်နိုင်ငံသားဖြစ်တဲ့ ပေါက်ကွဲနိုင်တဲ့ ဒိုင်းနမိုက် ယမ်းဘီလူးကို တီထွင်နိုင်ခဲ့သူ အယ်လ်ဖရက် နိုဘယ်ကိုတော့ မမေ့သင့်ပါဘူး။ အကြောင်းက မစ္စတာနိုဘယ်ဟာ သူ့ရဲ့ မူလရည်မှန်းချက်ဖြစ်တဲ့ ကမ္ဘာကြီးနဲ့ လူသားတွေ ငြိမ်းချမ်းသာယာဝပြောရေးကနေ သွေဖည်သွားခဲ့တဲ့အတွက် သူ့ကိုယ်သူ အပြစ်ရှိသူတစ်ယောက်အဖြစ် ခံယူပြီး ဖြေဆည်တဲ့အနေနဲ့ သူ့ရဲ့ သေတမ်းစာအရ သာမန်လူတွေထားနိုင်ခဲ့တဲ့ စိတ်သဘောထားမြင့်မြတ်ရက်ရောမှုနဲ့ ဒီလိုနိုဘယ်ဆုများကို နောင်လာ နောက်သားတွေအတွက် ထူထောင်နိုင်ခဲ့လို့ပါပဲ။

အထူးသဖြင့် နိုဘယ်ငြိမ်းချမ်းရေးဆုဆိုတာ ကမ္ဘာပေါ်မှာ သြဇာတက္ကိမ အကြီးဆုံး ဆုကြီးတစ်ခုဖြစ်ပြီး ငြိမ်းချမ်းရေးအတွက် စတေးခံသူတွေနဲ့သာ ထိုက်တန်ပါတယ်။ ဒီလို ခံယူချက်မျိုးထားနိုင်မှသာ နိုဘယ်ဆုများရဲ့ ဖခင် အယ်လ်ဖရက်ကိုရော၊ မငြိမ်းချမ်းသေးတဲ့ ဒေသတွေက ငြိမ်းချမ်းရေးအရသာကို ပြည့်ပြည့်ဝဝ မခံစားရသေးတဲ့ လူသားတွေအတွက်ပါ ကျေးဇူးဆပ်ရာရောက်မှာဖြစ်ပါတယ်။

**နိုင်ငံရေးပယောဂတွေယှက်နေတဲ့ ငြိမ်းချမ်းရေးဆု**

သို့ပေမယ့် နိုဘယ်ဆုရဲ့ ကောင်းမြတ်ခြင်းတွေဟာ ပယောဂတချို့ကြောင့် အငြင်းပွားစရာ၊ ဝေဖန်စရာတွေ ရှိလာနေတာကိုလည်း နောက်ပိုင်းမှာ တွေ့လာနေရပါတယ်။ ရသင့်ရထိုက်သူ မရတာ၊ မရသင့်သူတွေရသွားတာ၊ အကြမ်းမဖက် လှုပ်ရှားမှုကို ဦးတည်ပေမယ့် အကြမ်းဖက်မှုနဲ့ငြိမ်းချမ်းရေးရောယှက်ပြီး အကြမ်းဖက်မှုကို အားပေးသလိုဖြစ်လာနေတာတွေဟာ နိုဘယ်ငြိမ်းချမ်းရေးဆုကြီးကို အလွန်အရုပ်ဆိုး အကျည်းတန်စေပါတယ်။ ပေးခဲ့တဲ့ နိုဘယ်ငြိမ်းချမ်းရေးဆုတချို့ဟာဆိုရင် နိုင်ငံရေးအရ လှုံ့ဆော်မှုတွေနဲ့ ပါဝင်ပတ်သက်နေပါတယ်၊ လတ်တလော နိုင်ငံရေးလိုလားချက်သို့မဟုတ် အနာဂတ်အတွက် နိုင်ငံရေးပုံဖော်လိုမှုတစ်ခုခုအတွက် ကြိုတင်မျှော်တွေး ရည်ရွယ်ပြီးပေးအပ်တာတွေလည်း တွေ့နေရပါတယ်။

ဆုချီးမြှင့်ရေးဘုတ်အဖွဲ့ဝင်တွေရဲ့ သမာသမတ်ကျမှုဟာ မေးခွန်းထုတ်စရာ ဖြစ်နေကြောင်း၊ သူတို့ရဲ့အမြင်တွေကို ကျယ်ကျယ်ပြန့်ပြန့် တင်ပြခွင့်မရတဲ့ အခြေအနေတချို့ကို ဘုတ်အဖွဲ့ဝင်တွေကိုယ်တိုင် ပြန်လည်ပြောပြချက်တွေလည်း ရှိပါတယ်။ အထူးသဖြင့် သူတို့လွှမ်းမိုးလိုတဲ့ နိုင်ငံတစ်နိုင်ငံ၊ အစိုးရတစ်ရပ်မှာ သူတို့သြဇာခံယူပြီး ထင်ရှားကျော်ကြားတဲ့ အတိုက်အခံခေါင်းဆောင်တွေကို ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးခေါင်းစဉ်တပ်ပြီး ဆုပေးအပ်လေ့ရှိပါတယ်။ ဒါကြောင့် အချို့သော နိုဘယ်ငြိမ်းချမ်းရေးဆုပေးအပ်ခြင်းတွေဟာ ရိုးသားခြင်းရှိမရှိ၊ ထိုက်တန်ခြင်းရှိမရှိအပေါ် ဆန်းစစ်သုံးသပ် ဝေဖန်မှုတွေ များသထက်များလာနေပါတယ်။

ဆုပေးခံလူပုဂ္ဂိုလ်၊ နိုင်ငံ၊ အဖွဲ့အစည်း စသဖြင့် နှစ်စဉ်ရှိရာမှာ အများစုဟာ အမေရိကန်နဲ့ အနောက်အုပ်စုယိမ်းသူ၊ သြဇာခံသူ၊ လစ်ဘရယ်ဆန်သူ ဆိုရှယ်ဒီမိုကရက် စသဖြင့် တွေ့ရသလို ယခင်ဆိုဗီယက်နဲ့ အရှေ့အုပ်စုကိုဆန့်ကျင်သူ၊ ယခု ရုရှားဆန့်ကျင်သူ၊ တရုတ်ဆန့်ကျင်သူ တစ်နည်းအားဖြင့် ဘယ်လိုလူပုဂ္ဂိုလ် ဘယ်လိုအဖွဲ့အစည်း နိုင်ငံပင်ဖြစ်ပါစေ၊ အမေရိကန်ကိုလိုလားသူဖြစ်ရင် ဒါမှမဟုတ် ရုရှား၊ တရုတ်နဲ့ အခြား အမေရိကန်ဆန့်ကျင်တဲ့ ဘယ်နိုင်ငံကပဲဖြစ်ဖြစ် အဲဒီနိုင်ငံအစိုးရကို ဆန့်ကျင်သူ အတိုက်အခံ လူပုဂ္ဂိုလ်အဖွဲ့အစည်းဟာ နိုဘယ်ဆုတံဆိပ်ကပ် ချီးမြှင့်ခံထိုက်သူဖြစ်သွားတတ်တာကို လေ့လာအကဲခတ်မိပါတယ်။

ယမန်နှစ်ပေးပြီးတဲ့ နှစ်ကာလတွေအထိ သတိထားမိသလောက် ရုရှား၊ တရုတ် စတဲ့ အမေရိကန်နဲ့ သဟဇာတမဖြစ်တဲ့ ဘယ်နိုင်ငံ ဘယ်ပုဂ္ဂိုလ်ကမှ နိုဘယ်ငြိမ်းချမ်းရေး ဆုရခဲ့တာ မတွေ့ဖူးသေးပါဘူး။ ကျူးဘားဒုံးပျံအရေးအခင်းကြောင့် ဆိုဗီယက်နဲ့ အမေရိကန် တတိယကမ္ဘာစစ်ဖြစ်အံ့ဆဲဆဲ လက်မတင်လေး နိုင်ငံကြီးနှစ်နိုင်ငံအကြား ညှိနှိုင်းပေးပြီး စစ်ကြီးကို ရှောင်လွှဲပေးခဲ့တဲ့ မြန်မာနိုင်ငံသား ဦးသန့်တောင် နိုဘယ်ဆု မရခဲ့ပါဘူး။ အကြမ်းမဖက် ဆန္ဒပြတဲ့နည်းနဲ့ ဗြိတိသျှကို ဆန့်ကျင်သူ အိန္ဒိယလွတ်လပ်ရေးခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီဆိုရင်လည်း နိုဘယ်ဆုနဲ့ မနီးစပ်ခဲ့ပေမယ့် တရုတ်နိုင်ငံကို ဆန့်ကျင်တဲ့ တိဗက်ခေါင်းဆောင် ဒလိုင်းလားမားကျပြန်တော့ ငြိမ်းချမ်းရေးဆုကြီးနဲ့ ထိုက်တန်သွားပြန်ပါတယ်။

၁၉၉၀ ပြည့်နှစ်က ဆိုဗီယက်မှာ ခေါင်းဆောင်ပြုပြင်ပြောင်းလဲရေးသမား မီခေးလ် ဂေါ်ဘာချော့ကို နိုဘယ်ဆုပေးလိုက်တဲ့အခါ နောက်ဆက်တွဲ ဆိုဗီယက်နိုင်ငံကြီးဟာ ၁၅ နိုင်ငံအဖြစ် အစိတ်စိတ်အမြွာမြွာ ပြိုကွဲသွားခဲ့ရပြီး ကမ္ဘာမှာ အမေရိကန်တစ်ဦးတည်း ခေါင်းဆောင်ဖြစ်လာခဲ့တာလည်း သာဓကတစ်ခုပါပဲ။ ယခုတော့ ဆိုဗီယက်နိုင်ငံဟောင်း ခွဲထွက် ယူကရိန်းကစပြီး ကမ္ဘာ့စစ်မီးထတောက်တော့မလားမသိ။ ထိုနည်းတူ ငြိမ်းချမ်းရေးဆုတွေပေးပြီးမှ မငြိမ်းချမ်းသေးတဲ့ ယနေ့ကမ္ဘာ့ဖြစ်စဉ်တွေလည်း အများအပြားရှိပါတယ်။

၁၉၉၄ ခုနှစ်မှာ နိုဘယ်ဆုတွေရခဲ့တဲ့ အစ္စရေး–ပါလက်စတိုင်း ခေါင်းဆောင်တွေကြောင့် ယနေ့အရှေ့အလယ်ပိုင်း ပဋိပက္ခချုပ်ငြိမ်းသွားပြီလား၊ စစ်ပွဲတွေရပ်သွားပြီလား၊ စဉ်းစားစရာပါ။ အာဖဂန်နစ္စတန်မှာ တာလီဘန်ကိုဆန့်ကျင်ပြီး မာလာလာကို နိုဘယ်ဆုပေးခဲ့ပေမယ့် လက်ရှိ အာဖဂန်မှာ ငြိမ်းချမ်းရေးမရသေးပါ။ တာလီဘန်တွေ အာဏာပြန်ရတာပဲ အဖတ်တင်ကျန်ရစ်ခဲ့တာ တွေ့ရပါမယ်။

မှတ်မှတ်ရရ အသိအမှတ်ပြုစရာဆိုလို့ အာဖရိကမှာ အသားအရောင်ခွဲခြားမှု ချုပ်ငြိမ်းအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ ဘုန်းတော်ကြီးဒက်စ်မွန်တူးတူးတို့၊ တောင်အာဖရိကမှာပဲ သွေးချောင်းစီးစစ်ပွဲကြီးမဖြစ်အောင် ရပ်တန့်နိုင်ခဲ့တဲ့ ၂၇ နှစ်ထောင်နန်းစံ နယ်လ်ဆင်မင်ဒဲလားနဲ့ သမ္မတ အင်္ဂလိပ်လူမျိုး ဖရက်ဒရစ်ဝီလျံဒီကလပ်တို့လို ခေါင်းဆောင်မျိုးတွေကို ချီးမြှင့်တာကတော့ သဘာဝလည်းကျ၊ ချီးကျူးဂုဏ်ယူစရာလည်း ဖြစ်ပါတယ်။

ဝေဖန်စရာတွေကတော့အများကြီးပါပဲ။ ဒီအထဲမှာ အမေရိကန်သမ္မတ ဂျင်မီကာတာ၊ အိုဘားမား၊ တရုတ်အတိုက်အခံ လူဖောင်ဘို၊ အဖွဲ့အစည်းအနေနဲ့ဆိုရင် EU စသည်ဖြင့် အငြင်းပွားစရာတွေ များစွာရှိပါတယ်။ အိုဘားမားဆိုရင် ဆုကိုလက်ခံလိုက်ရပေမယ့် ဘာကြောင့် ရတယ်ဆိုတာကိုတော့ သူကိုယ်တိုင်တောင် နားမလည်ကြောင်း ဝန်ခံပြောကြားဖူးပါတယ်။ ၂၀၂၂ ခုနှစ်မှာပဲ ဆုပေးခဲ့တာကြည့်ပါ။ ဖိလစ်ပိုင်သမ္မတ ဒူတာတေးရဲ့လုပ်ရပ်ကို ဆန့်ကျင်တဲ့ သတင်းသမား မာရီယာရီဆာ၊ ရုရှားအတိုက်အခံသတင်းနဲ့ နိုင်ငံရေးသမား ဒီမီထရီမူရာတော့ဗ် စသည်ဖြင့် ပုဂ္ဂိုလ်မျိုးတွေ၊ ဒီဆုရှင်တွေကြောင့် ကမ္ဘာမှာငြိမ်းချမ်းရေးရပြီး စစ်ပွဲတွေလျော့သွားပြီလား။ အာမမခံနိုင်ပါဘူး။

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

### သူခိုးဓားရိုးကမ်းသလိုဖြစ်စေမယ့် မြှောက်ပင့်သွေးထိုးမှု

အမှန်စဉ်းစားရမှာက နိုဘယ်ဆုကော်မတီ အနေနဲ့ ကိုယ်ပေးလိုက်တဲ့ဆုကြောင့် သူများ တိုင်းပြည်နဲ့ လူမှုအသိုက်အဝန်းပျက်စီးသွား မယ်ဆိုရင် ဒီအပေါ်မှာ တာဝန်ယူ ၊ တာဝန်ခံရမှာ ဖြစ်ပါတယ်။ တိုင်းဖျက်ပြည်ဖျက်တွေကို မထိုက် တန်တဲ့ မတန်မရာ မပေးမိဖို့ လိုပါတယ်။ တိုင်းပြည် ဖျက်ရုံတင်မက ကိုယ့်အမျိုးအချင်းချင်းတောင် အမုန်းတရားတွေပွားအောင်၊ မငြိမ်းချမ်းအောင် လုပ်နေသူတွေ၊ သတ်ဖြတ်နေသူတွေကို ပေးမယ် ဆိုတာ ဘယ်လိုမှ စဉ်းစားလို့မရနိုင်ပါဘူး။ ယခု မြန်မာနိုင်ငံ လက်ရှိအနေအထားက ဒီမိုကရေစီ အရေးလည်းမဟုတ်တော့ပါဘူး၊ ပြည်တွင်းပြည်ပ ပူးပေါင်းပြီး ရေရှည်ပြည်ဖျက် ပျက်သုဉ်းရေး အစီအမံပေါ်မှာ လတ်တလော မဲမသမာမှု အကြောင်းတရားက ထပ်ဆင့်လိုက်တဲ့ နောက်ဆက် တွဲ တိုင်းပြည်နဲ့လူမျိုး အလုံးစုံပျက်သုဉ်းရေး၊ ပြည်ပ ရဲ့ မြှောက်ပင့်သွေးထိုးမှုပုံစံအမျိုးမျိုးနဲ့အတူ ပြည်တွင်းအဖျက်သမားတွေရဲ့ အကြမ်းဖက် အစီအစဉ်များပဲ ဖြစ်ပါတယ်။

အကြမ်းဖက်လုပ်ရပ်မျိုးစုံနဲ့ တာဝန်ရှိနေတဲ့ အဖွဲ့ကို ငြိမ်းချမ်းရေး ခေါင်းစဉ်အောက်မှာ ငြိမ်းချမ်း ရေးဆုပေးခြင်းဟာ သင့်ပါရဲ့လား၊ စဉ်းစားစေချင်ပါ တယ်။ အမှားနဲ့ အမှန် ခွဲခြား မဆုံးဖြတ်နိုင်လောက် အောင် အမည်စာရင်းတင်သွင်းသူတွေမှာ bias (ဘက်လိုက်မှု) တွေရှိနေတာ သိသာလွန်းနေပါ တယ်။ ဒီလိုအကြမ်းဖက် အစီအစဉ်တွေအပေါ်မှာ သူခိုးဓားရိုးကမ်းသလို ဖြစ်စေမယ့် နိုဘယ်ဆု ကော်မတီရဲ့ မြှောက်ပင့်သွေးထိုးမှု ဖြစ်နိုင်ခြေကို လည်း မြင်တတ်ဖို့ လိုပါမယ်။

တကယ်တမ်း ပေးချင်လွန်းလို့ NUG ကို ငြိမ်းချမ်းရေးနိုဘယ်ဆုပေးမယ်ဆိုရင်လည်း ပေးပါ။ NUG၊ သူ့ရဲ့ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့နဲ့ အပေါင်းပါ အကြမ်းဖက်အဖွဲ့များရဲ့ ငြိမ်းချမ်းရေးနဲ့ ဆန့်ကျင်ဘက် အဖျက်လုပ်ရပ်တွေ မြန်မာပြည် တွင်းမှာ ဘယ်လောက်လုပ်ထားပြီလဲဆိုတာတော့ သိသင့်တယ်လို့ ယူဆပါတယ်။ NUG နဲ့ ဆက်စပ် အကြမ်းဖက်အဖွဲ့တွေ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ကနေ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ ဖျက်ဆီးခဲ့တဲ့ စာသင်ကျောင်း၊ ပညာရေး အဆောက် အအုံ ၅၀၄ လုံး ရှိခဲ့ပါတယ်။ သတ်ဖြတ်ခံရတဲ့ ရဟန်း ၊ သံဃာအပါး ၂၀ ကျော်နဲ့ အစိုးရဝန်ထမ်း ၉၅ ဦးရှိပြီး ဒဏ်ရာရ ၁၅၀ ကျော် ရှိပါတယ်။ တစ်နှစ်တာအတွင်း အကြမ်းဖက်မှုပေါင်း ၉၄၃၀ ကျော် ပြုလုပ်ခဲ့ပါတယ်။

သူတို့ အကြမ်းဖက်အဖျက်လုပ်ရပ်တွေ လုပ်ဖို့ စုဆောင်းထားတဲ့ လက်နက်တွေ ဖမ်းဆီးရမိမှုက ကြောက်ခမန်းလိလိ ဖြစ်ပါတယ်။ လက်နက်မျိုးစုံ သိမ်းဆည်းရမိမှု ၅၆၀၀ ကျော်၊ ခဲယမ်းမျိုးစုံ ၁၆၀၀၀၀ ကျော်၊ လက်ပစ်ဗုံး ၁၈၉၀ ၊ လက်လုပ်မိုင်း/ ဗုံး ၁၁၀၀၀ ကျော် ရှိပါတယ်။ ဒါတွေကိုသာ လုံခြုံ ရေးအဖွဲ့တွေက ဖမ်းဆီးရမိခြင်းမရှိရင် အပြစ်မဲ့ ပြည်သူတွေရဲ့ အသက်တွေ ဘယ်လောက်တောင် ဆုံးရှုံးရမလဲဆိုတာ တွက်ကြည့်နိုင်ပါတယ်။ ဒါကြောင့် NUG ဟာ ငြိမ်းချမ်းရေးဖော်ဆောင်တဲ့ အဖွဲ့လား ၊ အကြမ်းဖက်အဖွဲ့လားဆိုတာ အလွယ် တကူ ခွဲခြားသိမြင်နိုင်ပါတယ်။

> ✻ **အမှန်စဉ်းစားရမှာက နိုဘယ်ဆုကော်မတီအနေနဲ့ ကိုယ်ပေးလိုက်တဲ့ဆုကြောင့် သူများတိုင်းပြည်နဲ့ လူမှုအသိုက်အဝန်း ပျက်စီးသွားမယ်ဆိုရင် ဒီအပေါ်မှာ တာဝန်ယူ ၊ တာဝန်ခံရမှာဖြစ်ပါတယ်။ တိုင်းဖျက်ပြည်ဖျက်တွေကို မထိုက်တန်တဲ့ မတန်မရာ မပေးမိဖို့လိုပါတယ်။ တိုင်းပြည်ဖျက်ရုံတင်မက ကိုယ့်အမျိုး အချင်းချင်းတောင် အမုန်းတရားတွေပွားအောင်၊ မငြိမ်းချမ်းအောင် လုပ်နေသူ တွေ၊ သတ်ဖြတ်နေသူတွေကို ပေးမယ်ဆိုတာ ဘယ်လိုမှ စဉ်းစားလို့ မရနိုင်ပါဘူး။ ယခု မြန်မာနိုင်ငံ လက်ရှိအနေအထားက ဒီမိုကရေစီအရေးလည်း မဟုတ် တော့ပါဘူး၊ ပြည်တွင်းပြည်ပ ပူးပေါင်းပြီး ရေရှည်ပြည်ဖျက် ပျက်သုဉ်း ရေးအစီအမံပေါ်မှာ လတ်တလော မဲမသမာမှုအကြောင်းတရားက ထပ်ဆင့်လိုက် တဲ့ နောက်ဆက်တွဲ တိုင်းပြည်နဲ့လူမျိုး အလုံးစုံပျက်သုဉ်းရေး၊ ပြည်ပရဲ့ မြှောက်ပင့်သွေးထိုးမှု ပုံစံအမျိုးမျိုးနဲ့အတူ ပြည်တွင်းအဖျက်သမားတွေရဲ့ အကြမ်းဖက်အစီအစဉ်များပဲ ဖြစ်ပါတယ်**

### Video clip တစ်ခုရဲ့ ပြောပြချက်

The News Atlas သတင်းဌာနရဲ့ Independent Geopolitical researcher ဖြစ်တဲ့ Brian Berletic (ဘရိုင်ယန်ဘာလက်တစ်) ရဲ့ ၉ မိနစ်ကြာ short video လေးတစ်ခုမှာ လက်ရှိမြန်မာနိုင်ငံရေး အခြေအနေကို ထင်ဟပ်တဲ့ သူ့ရဲ့အပြုသဘော အမြင်ကို ဖော်ပြထားပါတယ်။ “ လက်ရှိအကြမ်းဖက် အဖွဲ့တွေနဲ့ နိုဘယ်ငြိမ်းချမ်းရေးဆု ဆက်စပ်နေမှု ကို ဘယ်လိုမှလျစ်လျူရှုလို့မရပါဘူး။ ဘာကြောင့်လဲ ဆိုတော့ မြန်မာနိုင်ငံနဲ့ မြန်မာ့နိုင်ငံရေးအခြေအနေ ဟာ အရှေ့တောင်အာရှနိုင်ငံတွေ၊ ဒေသတွင်း ကျန်အာရှနိုင်ငံတွေသာမက အမေရိကန်နိုင်ငံကြီးရဲ့ အကျိုးစီးပွားကိုပါ ခြိမ်းခြောက်နေတဲ့ သဘော အနောက်နိုင်ငံတွေက ပုံဖော်နေကြလို့ပဲဖြစ်ပါတယ် ဆိုတာ အနောက်နိုင်ငံ သတင်းအရင်းအမြစ်တွေ အရ သိရတယ်” လို့ ၎င်းသုတေသီက ဆိုပါတယ်။ အဓိကအချက်က မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ဆုတ်ယုတ်ပျက်စီးသွားပြီး အတိုက်အခံနဲ့ ပြည်သူ တွေကို ဖိနှိပ်နေတဲ့ စစ်အစိုးရအဖြစ် နိုင်ငံတကာ အလယ်မှာ အထင်မှားအမြင်မှားဖြစ်အောင် ပုံဖော် နေကြခြင်းသာဖြစ်ပါတယ်။

“အဓိကအချက်က မြန်မာနိုင်ငံဟာ ဒေသ တွင်းမှာ အလွန်အချက်အချာကျတဲ့ ပထဝီဝင် အနေအထားကြောင့်ဖြစ်ပါတယ်။ အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ အန္တိမရည်မှန်းချက်က တဖြည်း ဖြည်းနဲ့ အမေရိကန်ရဲ့ပြိုင်ဘက်ဖြစ်လာတဲ့ တရုတ် နိုင်ငံကြီးကို ဝိုင်းပတ်ပိတ်ဆို့ ထိန်းချုပ်နိုင်ရေးပဲ ဖြစ်ပါတယ်။ ထိုရည်မှန်းချက်အောင်မြင်ဖို့ရန် တရုတ်ရဲ့အဓိက ဝင်ပေါက် တံခါးဝဖြစ်တဲ့ မြန်မာ နိုင်ငံမှာ အမြဲမတည်မငြိမ်ဖြစ်အောင်၊ အမေရိကန် လိုလားတဲ့ အစိုးရတစ်ရပ် အုပ်ချုပ်ခွင့်ရအောင်၊ လိုချင်တာတွေမရရင် နိုင်ငံအလုံးစုံပျက်သုဉ်း ပျက်စီးအောင်အထိ ပြုလုပ်သွားဖို့အစီအစဉ်ရှိပြီး လက်ရှိလည်း လုပ်ဆောင်နေတဲ့အဖျက်သဘော တွေဟာ ထင်သာမြင်သာရှိလာနေပြီ” လို့လည်း ဆိုထားပါတယ်။

မြန်မာနိုင်ငံ ပျက်စီးရေးအစီအမံဟာ ဒေသတွင်း ပြိုကွဲပျက်စီးဖို့အထိ ရည်မှန်းထားတဲ့ အမေရိကန်နဲ့ OIC ၊ ဂျော့ဆိုးရော့စ်တို့ရဲ့ စီမံကိန်းများစွာရဲ့ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်ပါတယ်။ ဒီအချက်ကို ထိုင်းနိုင်ငံ ဘန်ကောက်ရှိ အမေရိကန်သံရုံး၊ ဟင်းနရစ်ဘောက် ဖောင်ဒေးရှင်းတို့ရဲ့လှုပ်ရှားမှု တွေက သက်သေခံနေပါတယ်။ သူတို့ဟာ ဂျာမနီရှိ Green party နဲ့ လည်း ချိတ်ဆက်မှုရှိပြီး နိုင်ငံ အချို့မှာ အစိုးရဆန့်ကျင်တဲ့ အဖွဲ့အစည်းတွေထံ ရန်ပုံငွေထောက်ပံ့မှုများပေးပြီး မတည်မငြိမ်ဖြစ် အောင်လုပ်နေတာ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာ ဘုရင်စနစ်နဲ့ အစိုးရကိုဆန့်ကျင်တဲ့အုပ်စုတွေ ရဲ့ ဆူပူဆန္ဒပြမှုတွေအတွက် ရန်ပုံငွေထောက်ပံ့မှုပြု ပြီး စွက်ဖက်ခဲ့တာဟာ ဒီအဖွဲ့အစည်းတွေရဲ့ လက်ချက်ပဲဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် ဒေသ တစ်ခုလုံး မတည်မငြိမ်ဖြစ်ခြင်းနဲ့ ဒီလိုဆက်စပ်မှု အကြား ခိုင်မာတဲ့သက်သေတွေအဖြစ် မြင်လို့ရ ပါတယ်။

အရှေ့တောင်အာရှမှာ အကောင်းဆုံး နမူနာ အဖြစ် မြန်မာနိုင်ငံရဲ့ဖြစ်အင်ကို အလွယ်တကူ မြင်နိုင်ပါတယ်။ မြန်မာနိုင်ငံ ဘယ်လောက်တောင် အဖျက်ဆီးခံနေရပါသလဲ။ ဒါပေမယ့် အမေရိကန် အနေနဲ့ မြန်မာနိုင်ငံကိုလည်း လစ်ဗျားမှာလုပ်ခဲ့ သလိုပဲ Failed state ပုံစံမျိုး မြန်မာနိုင်ငံကြီး အလုံးစုံပျက်သုဉ်းဖို့ နည်းလမ်းကို ရှာဖွေနေဆဲ ဖြစ်မယ်လို့ယုံကြည်ရပါတယ်။ မြန်မာကို လစ်ဗျား လိုဖြစ်သွားစေလိုတဲ့သဘောပါပဲ။ ဖျက်ဆီးရေး နည်းလမ်းပေါင်းများစွာထဲက တစ်ခုကတော့ နိုဘယ်ငြိမ်းချမ်းရေးဆုကို အသုံးချဖို့ တွေ့လာနေ ရပါပြီ။ သုတေသီ ဘရိုင်ယန်ရဲ့ ပြောစကားတွေမှာ NUG ရဲ့လက်အောက်ခံ PDF ကို အကြမ်းဖက်အဖွဲ့လို့ သုံးနှုန်းသွားတာ သတိထားမိပြီး ၎င်းအဖွဲ့ရဲ့ လှုပ်ရှားမှုအားလုံးကိုလည်း အကြမ်းဖက်မှုများသာ ဖြစ်တယ်လို့လည်း ပြောဆိုသွားခဲ့ပါတယ်။

တကယ်တော့ ယခုလို အကြမ်းဖက်အဖွဲ့တစ်ခုကို နိုဘယ်ငြိမ်းချမ်းရေးဆုပေးဖို့ အဆိုတင်သွင်းတာ ဟာ မြန်မာနိုင်ငံကို ထပ်မံကျွန်ပြုလိုတဲ့ ရည်ရွယ် ချက်ပါပဲ။ မြန်မာအစိုးရပြုတ်ကျပြီး တစ်နိုင်ငံတည်း မှာ နိုင်ငံသားအချင်းချင်း တစ်ဦးနဲ့တစ်ဦး အမုန်း အာဃာတတွေ ပွားလာအောင်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ သတ်ကြဖြတ်ကြ ၊ တိုက်ခိုက်ကြနဲ့ အလုံးစုံပျက်စီး ဖို့ အမေရိကန်ရဲ့ တိုက်ရိုက်ညွှန်ကြားချက်နဲ့ ကျောထောက်နောက်ခံပြု အတုအယောင်ဆုတစ်ခု သာလျှင် ဖြစ်ပါလိမ့်မယ်။ ဒီဗီဒီယိုလေးကမြန်မာ ပြည်သူတွေအနေနဲ့စည်းလုံးကြဖို့၊ နွေးနွေး ထွေးထွေးနဲ့ ငြိမ်းချမ်းကြဖို့၊ အမေရိကန်နဲ့ အနောက် အုပ်စုနိုင်ငံတွေ၊ အဖွဲ့အစည်းတွေ ၊ ပြည်ပမီဒီယာနဲ့ အနောက်အုပ်စုအထောက်အပံ့ခံ မရှိမကဲ့သို့ ပြည်တွင်းမီဒီယာတွေရဲ့ သပ်လျှိုသွေးခွဲမှုတွေကို သတိပေးစကား ပြောကြားသွားခဲ့တာကိုလည်း သတိထားမိပါတယ်။

အချုပ်အားဖြင့်တော့ မြန်မာနိုင်ငံသည်ပင် နိုဘယ်ငြိမ်းချမ်းရေးဆုနဲ့ မကင်းတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ဒီငြိမ်းချမ်းရေးဆုကြီးပိုင်ဆိုင်ထားတဲ့ သူတစ်ဦးရှိနေတဲ့ ကျွန်တော်တို့ နိုင်ငံမှာ ယခုအချိန် အထိ သွေးချောင်းစီးလူသတ်ပွဲတွေနဲ့ မငြိမ်းချမ်း သေးဘဲ အပြစ်မဲ့ပြည်သူတွေသေကျေနေရတာတွေ၊ ဒုက္ခတွေ အတောမသတ်နိုင်သေးတာ အလွန် ဝမ်းနည်းစရာကောင်းပါတယ်။ ဒီဆုကြီးကြောင့် မြန်မာနိုင်ငံငြိမ်းချမ်းနေပြီလား၊ အေးချမ်းသာယာ သွားပြီလား၊ လက်ရှိအခြေအနေအရရော ကျွန်တော်တို့ပြည်သူတွေဟာ ဒီနိုဘယ်ဆုကြီးနဲ့ ထိုက်တန်ပါရဲ့လား အကဲဖြတ်ဆန်းစစ်စေလိုပါ တယ်။

ယခုတော့ ငြိမ်းချမ်းရေးဆုကြီးနဲ့ ဘာမှမဆိုင် သလို မြန်မာပြည်သူ တိုင်းရင်းသားတွေဟာ ငြိမ်းချမ်းမှုနဲ့ အလှမ်းဝေးနေဆဲဖြစ်တယ်လို့ ခံစား မိပါတယ်။ နိုဘယ်ဆုကော်မတီအနေနဲ့လည်း ကမ္ဘာ့ဂုဏ်သိက္ခာရှိ ဂုဏ်ဆောင်ကော်မတီတစ်ရပ် ဖြစ်ဖို့ ကိုယ့်အဖွဲ့တန်ဖိုး ကိုယ်သိပြီး မြန်မာနိုင်ငံနဲ့ ပြည်သူတွေရဲ့ဘဝတွေကို ထပ်ပြီးမဖျက်ဆီးမိစေဖို့ တိုက်တွန်းလိုပါတယ်။

ဘယ်သူ့ဩဇာမှမခံတဲ့၊ တရားမျှတတဲ့ မစ္စတာ နိုဘယ်ရဲ့ မူလရည်မှန်းချက်တွေကို ဖြည့်ဆည်းပေး မယ့် အဖွဲ့တစ်ခုအဖြစ် ရပ်တည်နေရပါမယ်။ ကိုယ့်အဖွဲ့ကိုယ် လေးစားတန်ဖိုးထားမှလည်း အများရဲ့ယုံကြည်လေးစားခြင်းကို ရရှိနိုင်မှာဖြစ် ပါတယ်။ လက်ရှိမှာ တော့ နိုဘယ်ငြိမ်းချမ်းရေးဆိုတာ စကားလုံးအရာအားဖြင့်တော့ လှပါရဲ့၊ ဒါပေမယ့် ဘာဝိသေသလက္ခဏာမှမရှိတဲ့ အရာတစ်ခုလို ခံစားမိပါကြောင်း ..... ။ ။

> ● **အရှေ့တောင်အာရှမှာ အကောင်းဆုံးနမူနာအဖြစ် မြန်မာနိုင်ငံရဲ့ဖြစ်အင်ကို အလွယ်တကူ မြင်နိုင်ပါတယ်။ မြန်မာနိုင်ငံ ဘယ်လောက်တောင် အဖျက်ဆီးခံနေရပါသလဲ။ ဒါပေမဲ့ အမေရိကန်အနေနဲ့ မြန်မာနိုင်ငံကိုလည်း လစ်ဗျားမှာလုပ်ခဲ့သလိုပဲ Failed state ပုံစံမျိုး မြန်မာနိုင်ငံကြီး အလုံးစုံပျက်သုဉ်းဖို့နည်းလမ်းကို ရှာဖွေနေဆဲ ဖြစ်မယ်လို့ ယုံကြည်ရပါတယ်။ မြန်မာကို လစ်ဗျားလိုဖြစ်သွားစေလိုတဲ့သဘောပါပဲ။ ဖျက်ဆီး ရေးနည်းလမ်းပေါင်းများစွာထဲက တစ်ခုကတော့ နိုဘယ်ငြိမ်းချမ်းရေးဆုကို အသုံးချဖို့ တွေ့လာနေရပါပြီ။ သုတေသီ ဘရိုင်ယန်ရဲ့ ပြောစကားတွေမှာ NUG ရဲ့လက်အောက်ခံ PDF ကို အကြမ်းဖက်အဖွဲ့လို့ သုံးနှုန်းသွားတာ သတိထားမိပြီး ၎င်းအဖွဲ့ရဲ့ လှုပ်ရှားမှု အားလုံးကိုလည်း အကြမ်းဖက်မှုများသာ ဖြစ်တယ်လို့လည်း ပြောဆိုသွားခဲ့ပါတယ်**

# ဖေဖော်ဝါရီ ၁၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇၄၀ တွေ့ရှိ

## ထပ်မံသေဆုံးသူ ၄ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၃၁၈ ဦးရှိ

(၁၆-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၀,၄၉၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၇၄၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၈.၉၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၇၇၄,၉၆၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၅၃,၅၆၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၂၀၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၂၀,၀၉၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၄)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၈) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၅-၂-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၂၃,၁၅၄,၅၇၄) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးနှံပြီးစီးသူ (၂၀,၃၇၈,၄၄၅) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၂,၇၇၆,၁၂၉) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၅-၂-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၄၃,၅၃၃,၀၁၉)ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၁၆-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၉၄၈) ခု | (၂၇၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၅၆) ခု | (၃၆) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၉၁) ခု | (၄၉) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၉၅) ခု | (၁၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၂၀) ခု | (၂၇၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၆၆၈) ခု | (၃၅၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၃,၆၁၉) ခု | (၁,၇၄၁) ဦး |
| စုစုပေါင်း | (၃၀,၄၉၇) ခု | (၂,၇၄၀) ဦး |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ

(၁၅-၂-၂၀၂၂) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၂,၇၇၆,၁၂၉) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၂၀,၃၇၈,၄၄၅) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၃,၁၅၄,၅၇၄) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၄၃,၅၃၃,၀၁၉) ကြိမ် |

- **ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွှယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။**
- **သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။**
- **ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

# မူဆယ်နယ်စပ်ဒေသတွင် ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များထံမှ ကိုဗစ်-၁၉ ရောဂါပိုး ဆက်တိုက်တွေ့ရှိနေ

**မူဆယ် ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်နယ်စပ်ဒေသ၌ ဖေဖော်ဝါရီ ၁၁ရက်မှစ၍ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များထံမှ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိနေကြောင်း သိရသည်။

မန္တလေး၊ လားရှိုး၊ ကွတ်ခိုင်ဘက်မှ မူဆယ်ဘက်သို့ တက်လာသော ကုန်ကားများကို မူဆယ်မြို့နယ်အတွင်းရှိ မိုင်းယု(၁၀၅)မိုင် အိုရီယမ်တယ် ဟိုက်ဝေးတိုးဂိတ်အနီး ကိုဗစ်-၁၉ စစ်ဆေးရေးစင်တာတွင် လည်းကောင်း၊ ရွှေမိုင်းယု ကုမ္ပဏီတွင်လည်းကောင်း၊ မူဆယ်ခရိုင် ကျန်းမာရေး ဦးစီးဌာနမှ ဆရာ ဆရာမများ၊ ခုတင် (၁၀၀၀) ကိုဗစ်-၁၉ ကုသရေးစင်တာမှ ဆရာ ဆရာမများနှင့် (၁၀၅)မိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက နေ့စဉ်စစ်ဆေးခဲ့ရာ ယခုရက်ပိုင်း ရွှေမိုင်းယုကုမ္ပဏီ ကိုဗစ်-၁၉ စစ်ဆေးရေးစင်တာသို့ ဝင်ရောက်လာသည့် ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များထံမှ ကိုဗစ်-၁၉ ရောဂါပိုးရှိသူ နေ့စဉ်တွေ့ရှိလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးဆောင်ရွက်ရာတွင် မူဆယ်ဘက်သို့ ဝင်ရောက်လာမည့် ကုန်တင်ယာဉ်များအား ရွှေမိုင်းယုကုမ္ပဏီနှင့် (၁၀၅)မိုင် တိုးဂိတ်အနီး၌လည်းကောင်း၊ အိမ်စီးကား၊ ခရီးသည်ကားများနှင့် အခြားမော်တော်ယာဉ်များအား မူဆယ်မြို့အဝင်၌ လည်းကောင်း စစ်ဆေးခဲ့ရာ မူဆယ်မြို့အဝင်တွင် ခရီးသည်များအား အဖျားတိုင်းပေးခြင်း၊ လက်သန့်ဆေးဖြင့် လက်ဆေးပေးခြင်း၊ နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးကြောင်း ထောက်ခံချက်များစစ်ဆေးခြင်း စသည်ဖြင့် ကျန်းမာရေးကင်းရှင်းကြောင်း ထောက်ခံချက်တစ်ခုခုပြသနိုင်မှသာ မူဆယ်မြို့တွင်းသို့ ဝင်ရောက်ခွင့်ပြုလျက်ရှိသည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးမှုများ နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ရွှေမိုင်းယုကုမ္ပဏီ ကိုဗစ်-၁၉ စစ်ဆေးရေးနေရာတွင် ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၆ ရက်အထိ ကိုဗစ်-၁၉ ပိုးတွေ့ရှိသူတစ်ပတ်အတွင်း ၃၅ ဦးနှင့်အထက် ရှိနေကြောင်း သိရသည်။




မူဆယ်မြို့နယ်အတွင်း အိုမီခရွန်ရောဂါပိုး ကူးစက်မှုကာကွယ်ရေး အသိပညာပေးမှုများကို မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူဆယ်နယ်စည်းမခြား ဆရာဝန်များအသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် (၁၀၅) မိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိသည်။

**သန့်ဇင်(မူဆယ်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၂-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

- **၀၆:၀၀** ဗေဒ္ဒသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** NRC အစီအစဉ်(ကရင်)
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** စိမ်းလန်းခြင်းနှင့်ငြိမ်းချမ်းခြင်း
- **၁၁:၃၀** ရုပ်မြင်သံကြားဇာတ်လမ်း 'ငွေခံထိုက်ဝေ'
- **၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဒါဏ်ခါး အချစ်ချိုချို'** (အပိုင်း-၄၁)
- **၁၃:၃၀** MRTV National News
- **၁၃:၅၅** စိန်ရတုပြည်ထောင်စုလွှတ်တော်ဖလား ပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲ)
- **၁၅:၅၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'အဝေးဆုံးသောနေရာ'** (အပိုင်း-၃)
- **၁၆:၃၅** မျက်မှောက်ရေးရာအဖြာဖြာ
- **၁၇:၂၀** ရှမ်းပြည်နယ်မြောက်ပိုင်းလမ်းဦးစီး ဌာန၏ဆောင်ရွက်ချက်များ
- **၁၇:၃၀** လူမှုစီးပွားမြင်ကွင်းများ
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၁၉:၃၅** မြန်မာဇာတ်လမ်းတွဲ 'ရုပ်ကွက်ထဲမှာဒီလိုပဲ' (အပိုင်း-၁)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'အဝေးဆုံးသောနေရာ'** (အပိုင်း-၃၅)
- **၂၂:၃၀** ရုပ်မြင်သံကြားဇာတ်လမ်းတွဲ **'မိမိငနှအိမ်ကိုတည်ဆောက်ကြသူများ'**

**သောကြာနေ့ ညပိုင်းတွင် တေးဂီတပျော်ပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

- **07:02** Myitta (Kyawt Kay Khaing)
- **07:08** ASEAN Socio-Cultural Community #1: The People Pillar-Protect and Advance the Quality of Life
- **07:14** Natural Lake: Fish Breeding Business
- **07:27** Mogok, Ruby Land
- **07:42** Marvelous Solo Cane Ball Playing
- **08:01** Discovering Tribes: Wa - Their Life and Customs
- **08:36** Art Designer Nay Chi Win Lai Yee
- **09:01** News
- **09:27** Myanmar's Bamboo Hat
- **09:40** A Chance to change their Future
- **10:00** Gardener: Rose Plantation
- **10:07** Myanmar Traditional Food: Mohinga
- **10:27** Discovering Tribes: Kanan their life and customs (Part-I)

**MRTV NRC**

**ပအိုဝ်း (၀၆:၀၀ မှ ၀၇:၀၀)**
သွားကျောက်ခြစ်ခြင်းနှင့်သွားအကြောထုတ်ကုသခြင်း

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ထမင်းရည်ရဲ့အကျိုးကျေးဇူး

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
စာပေအမြုတေ

**ချင်း (လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)**
ရာဇဝင်ပြိုဟ်ရေလျောင်တမံ

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
သားရေကွင်းပြုလုပ်ပုံအဆင့်ဆင့်

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
လခြမ်းမြေမှ ရိုးရာအလှ(အပိုင်း-၁)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ထင်ရှူးတန်းကရှိုက်ခံပန်း(အပိုင်း-၂)ဇာတ်လမ်း

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
'ဝ' ညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့ (အပိုင်း-၂)

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ကချင်ရိုးရာတူရိယာများအကြောင်းသိကောင်းစရာ

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
အရောက်လှမ်းခဲ့ပါသေးချင်းတို့ရဲ့ချစ်စရာကယားမြေ

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'မဟုန်သတင်းပေးခြင်း'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၇)
- **၁၁:၀၀** ဈေးချယ်တင်မြောက်ပုံစနစ်အမျိုးမျိုး အကြောင်းသိကောင်းစရာ(အပိုင်း-၃)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀း၀၀)နာရီထိ၊ Education Channel ကို ဝနေ့တနင်္လာနေ့မှအစ နံနက်(၁၀း၀၀)နာရီမှ ည(၁၀း၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## "မျိုးစေ့ပြပွဲရက်သတ္တပတ် ၂၀၂၂" Seed Fair Week 2022

2022 SEED FAIR

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ ကျင်းပပြုလုပ်သော မျိုးစေ့ပြပွဲ ရက်သတ္တပတ် ၂၀၂၂ ကို **"လူမှုစီးပွားတိုးတက်ဖို့ မျိုးကောင်းမျိုးသန့် သုံးကြစို့"** ဆောင်ပုဒ်နှင့်အညီ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးသိပ္ပံဝင်းအတွင်း (၁၈-၂-၂၀၂၂) မှ (၂၂-၂-၂၀၂၂) နေ့အထိ ကိုဗစ်-၁၉ စည်းကမ်းချက်၊ ညွှန်ကြားချက်များအတိုင်း လိုက်နာ၍ ကျင်းပသွားမည်ဖြစ်ပါသည်။ စိတ်ပါဝင်စားသူများ လာရောက်လေ့လာနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ပြပွဲဆိုင်ရာ အချက်အလက်များကို www.myanmarseedportal.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို လေကြောင်း၊ ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေး ထုတ်ပေးလျက်ရှိသည်။ ဖေဖော်ဝါရီ ၁၆ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီတစ်ခုမှ Molnutor 200 Capsule ခြောက်ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ Grossing Station တစ်ခု၊ Micro Cuvette Segment ၂၅၂ ခု၊ Clean Cell M ၇၂ ခု၊ Procell M ၂၁၆ ခု၊ ဆေးဝါးမျိုးစုံ ၂၆ မျိုး စုစုပေါင်း ၅၇၈၅၀ ဒသမ ၉၁ Kg ၊ နယ်စပ် (လွယ်ဂျယ်၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီနှစ်ခုမှ Mask ၈၄၀၀ Kg ၊ Syringe အခု ၂၀၇၉၀ ၊ Infusion အခု ၈၆၀၀ တို့ကို ထုတ်ပေးကြောင်း သိရသည်။ **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၂ - ၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၉၄၀၀၀ |
| ရန်ကုန် ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၈၂၆၀၀ |
| မန္တလေး ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၉၂၀၀၀ |
| မန္တလေး ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၈၀၇၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၆၇၅/၁၆၉၀ ကျပ် | ၁၇၀၀/၁၇၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၆၈၅/၁၇၀၀ ကျပ် | ၁၇၁၅/၁၇၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၅၀/၁၆၇၅ ကျပ် | ၁၆၈၀/၁၇၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၀၅/၁၇၃၅ ကျပ် | ၁၈၁၀/၁၈၃၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၂၄ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၃ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၅ . ၀၁၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၃၅ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၄ . ၇၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၀ . ၆၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၇၀၇ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၃၀၀ | ၁၁၀၀ | ၉၀၃၅၀၀၀ |
| MTSH | ၃၀၀၀ | ၃၀၀၀ | ၂၉၄၄ | ၈၈၃၂၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၅၁၁ | ၉၇၀၉၀၀၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၈၀ | ၂၁၂၀၀၀ |
| EFR | ၂၈၅၀ | ၂၈၅၀ | ၂၂၆ | ၆၄၅၆၅၀ |
| AHP | ၅၃၀၀ | ၅၃၀၀ | ၃ | ၁၅၉၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



## သီပေါ၌ တပို့တွဲလပြည့်ညတွင် မြတ်ဘုရားအား အမွှေးနံ့သာတံပူပင်(တွန်လို) ဖြင့် မီးပူဇော်

**သီပေါ ဖေဖော်ဝါရီ ၁၆**

ဒေသခံရှမ်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်သော သဗ္ဗညုမြတ်စွာဘုရားအား သနပ်ခါးအမွှေးနံ့သာ ဆီမီးတံပူပင် (တွန်လို) ဖြင့် မီးပူဇော်ခြင်းကို ဖေဖော်ဝါရီ ၁၅ ရက် (တပို့တွဲလပြည့်ည)က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် သမိုင်းဝင်ပေါ်ကြိုဘုရားကြီး၊ မဟာစည်အောင်တော်မူစေတီနှင့် လွယ်မုတ်တောင်ရွှေမောင်း သီလရှင်စာသင်တိုက်တို့တွင် ရှေးရိုးရာအစဉ်အလာကို ထိန်းသိမ်းသောအားဖြင့် နံ့သာဆီမီး (တွန်လို) ပူဇော်ပွဲများကို ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ စည်းကမ်းများနှင့်အညီ ကျင်းပသည်။

တပို့တွဲလပြည့်နေ့ နံနက်ပိုင်းတွင် မြို့နယ်ရှိ ဘုရားပုထိုးစေတီကျောင်းကန်များ၌လည်း ကောင်းမှုကုသိုလ် ဒါနပြုသူများဖြင့် စည်ကားလျက်ရှိသည်။

**စိုင်း(သီပေါ)**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်းခြင်းများ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

**ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်ရှိ ရန်အောင်မင်္ဂလာကျောင်းတိုက်သို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မြို့မယဉ်ငေးကျောင်းတိုက်သို့ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မဟာဝိသုတာရာမစာသင်တိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ပန်းတောပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် မူဆယ်မြို့နယ်ရှိ စက်မှုဘုန်းတော်ကြီးကျောင်း **(အောက်ပုံ)** နှင့် ကျိုင်းတုံမြို့နယ်ရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတိုက်တို့သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ / ဦးစီးဌာနများမှ သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## နယ်စပ်ရေးရာဝန်ကြီးဌာနက မောက်မယ်မြို့ မောက်စံဘုန်းတော်ကြီးကျောင်းသို့ လှူဖွယ်ဝတ္ထုပစ္စည်းများ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နယ်စပ်ရေးရာဝန်ကြီး ဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကိုဗစ်ကာလအတွင်း ဆွမ်း၊ ကွမ်းခက်ခဲသည့် ဘုန်းတော်ကြီးကျောင်းများ၊ Church ကျောင်းများအတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ စသည့် လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် Covid Center များအတွက် အာဟာရဖြည့် အစားအစာများ၊ ဆေးဝါးများ၊ ရေသန့်များ စသည့် ထောက်ပံ့ပစ္စည်းများ လှူဒါန်းပေးလျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့ ဆီဆုံရပ်ကွက်ရှိ မောက်စံဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ကုလားပဲနှင့် ကြက်သွန်နီ စသည့်လှူဖွယ်ဝတ္ထုပစ္စည်းများကို မောက်မယ်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းနှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ကျောင်းထိုင်ဆရာတော် အရှင်ဂန္ဓမာထံ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ (ဝဲပုံ)




**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနက မိုင်းပန်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ကိုဗစ်-၁၉ စင်တာများသို့ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲ အမယ်ငါးမျိုးအား ဘုန်းတော်ကြီးကျောင်းများမှ ရဟန်း၊ သာမဏေများအတွက် ဆက်ကပ်လှူဒါန်းခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်အစားအစာများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းနှင့် ဝန်ထမ်းများသည် မိုင်းပန်မြို့နယ် နောင်လုံကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ ရဟန်း၊ သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲ အမယ်ငါးမျိုးကို သွားရောက်ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေးဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက်(၁၂)နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၂၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၄၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၇၆၂၂ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ကိုးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၃၇၀၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၇၅၀၀ နှင့် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နှင့် ထန်းတပင်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၅၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၉၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘရိုက်တန်ကို အနိုင်ယူပြီး အဆင့် (၄) နေရာ တက်လှမ်းလာနိုင်ခဲ့သည့် မန်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၁၈) လက်ကျန်မှ မန်ယူအသင်းနှင့် ဘရိုက်တန်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲစဉ် အနိုင်ရရှိမှုကြောင့် မန်ယူအသင်းသည် ပရီမီယာလိဂ် ၂၅ ပွဲကစားပြီး ရမှတ် ၄၃ မှတ်ဖြင့် အဆင့် (၄) သို့ တက်လှမ်းနိုင်ခဲ့သည်။

ယခုပွဲစဉ်တွင် တိုက်စစ်မှူး စီရော်နယ်ဒိုလည်း ပရီမီယာလိဂ် ကိုးဂိုးမြောက်ကို သွင်းယူရရှိခဲ့ပြီး ခြောက်ပွဲဆက် ဂိုးပေါက်ပျောက်ဆုံးမှုကို အဆုံးသတ်ခဲ့သည်။ ပထမပိုင်းတွင် အပြန်အလှန်ဂိုးသွင်းခွင့်ရရှိခဲ့သော်လည်း အဆုံးသတ် မသေချာမှုကြောင့် ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။ ပွဲချိန် ၅၁ မိနစ်တွင် မန်ယူအသင်းအဖွင့်ဂိုးရရှိခဲ့ပြီး တွန်မီနေး၏ ဖန်တီးမှုမှ စီရော်နယ်ဒိုက သွင်းယူပေးခဲ့သည်။ ပွဲချိန် ၅၄ မိနစ်တွင် ဘရိုက်တန်အသင်းမှ ဒွန့်ခ်ပြိုင်ဘက်ကစားသမားအပေါ် ကစားပုံကြမ်းတမ်းခဲ့သည့်အတွက် ကွင်းလယ်ဒိုင်က အနီကတ်ပြ ထုတ်ပယ်ခဲ့သည်။ ပွဲချိန်ပြည့်ခါနီးတွင် မန်ယူအသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဖာနန်ဒက်စ်က သွင်းယူပေးခဲ့သည်။

**အောင်ဇော်**

# ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူး၍ မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပြိုင်ပွဲကျင်းပ

ပဲခူး ဖေဖော်ဝါရီ ၁၆

**ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူး၍ စုပေါင်းထမနဲထိုးပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် ညနေပိုင်းက ရွှေမော်ဓောဘုရားအနောက်ဘက်မုခ် ယာဉ်ရပ်နားကွင်း၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။**



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ပဲခူးတက္ကသိုလ် ရုက္ခဗေဒဌာနမှူးက ထမနဲထိုးပြိုင်ပွဲနှင့် ပတ်သက်၍ စည်းမျဉ်း၊ စည်းကမ်းများကိုလည်း ကောင်း၊ မြန်မာစာဌာနမှူးက တပို့တွဲလ ထမနဲထိုးပွဲနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားကြပြီး ပြိုင်ပွဲကို တိုင်းဒေသကြီး ဥပဒေချုပ်က မင်္ဂလာမောင်းတီး၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက ထမနဲ ယှဉ်ပြိုင်ထိုးကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက လှည့်လည် ကြည့်ရှုအားပေးကြသည်။ (ယာပုံ)

ဆက်လက်၍ ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးများနှင့် အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ် ဒုတိယတပ်မမှူးတို့က ဂုဏ်ပြုအထူးဆုရရှိကြသည့် အထက်ဖိုင်းဂနိုင်းကြီး ကျေးရွာ၊ မုန်တိုင်းကျေးရွာ၊ ကျောက်ကြီးစုရပ်ကွက်၊ ကျိုက်ဒေးယုံကျေးရွာနှင့် ဥဿာ(၈)ရပ်ကွက်အသင်း တို့ကိုလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက တတိယဆုရရှိသော ပဲခူး တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအသင်းကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်က ဒုတိယ ဆုရရှိသော ဘုရားကလေးကျေးရွာအသင်းကိုလည်း ကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆု ရရှိသော ကျိုက်ပွန်ဘုရားဂေါပကအသင်းကိုလည်း ကောင်း ငွေသားဆုများ အသီးသီးပေးအပ်ချီးမြှင့် ကြပြီး ပြိုင်ပွဲဝင်အသင်းသားများအား ဆိုင်ကယ် နှစ်စီးနှင့် စက်ဘီး ၁၅ စီး ကံစမ်းမဲများ ဖောက်ပေး ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# “မျိုးစေ့ပြပွဲ ၂၀၂၂” Seed Fair 2022 ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာအောင်ကြီး သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ နှင့်အတူ ယနေ့ မွန်းလွဲပိုင်းက “မျိုးစေ့ပြပွဲ ၂၀၂၂” Seed Fair 2022 ကျင်းပရေး ပြင်ဆင်ဆောင် ရွက်နေမှုများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။



မျိုးကောင်းမျိုးသန့် မျိုးစေ့ ထုတ်လုပ်သုံးစွဲမှု ဖွံ့ဖြိုးတိုးတက် လာစေရန်နှင့် လယ်ယာကဏ္ဍ တွင် မျိုးကောင်းမျိုးသန့် မျိုးစေ့ များ အသုံးပြုစိုက်ပျိုးခြင်းဖြင့် ထုတ်လုပ်မှုမြင့်မားပြီး နိုင်ငံတော် ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကို အထောက်အကူ ဖြစ်စေရန် ရည်ရွယ်၍ “မျိုးစေ့ပြပွဲ ၂၀၂၂” Seed Fair 2022 ကို ဖေဖော်ဝါရီလ တတိယပတ်အတွင်း ပြည်ထောင်စု နယ်မြေ နေပြည်တော်ရှိ ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံ ကျောင်းဝင်း အတွင်း၌ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

“လူမှုစီးပွား တိုးတက်ဖို့၊ မျိုးကောင်းမျိုးသန့် သုံးကြစို့” ခေါင်းစဉ်ဖြင့် ကျင်းပမည့် အဆိုပါ ပြပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများရှိ သုတေသနခြံများ၊ မျိုးသန့်မျိုးပွား ခြံများမှ ထုတ်လုပ်ထားသော ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ နှင့် ဟင်းသီးဟင်းရွက် သစ်သီး ဝလံ မျိုးစေ့ပျိုးပင် ပြခန်း ပြကွက် များနှင့် စိုက်ခင်းများ၊ ပုဂ္ဂလိက ပြခန်းများစုံလင်စွာ ခင်းကျင်းပြသ ထားမည်ဖြစ်ပြီး ပြပွဲရက်များ အတွင်း စကားဝိုင်းဆွေးနွေးပွဲ များကိုလည်း ထည့်သွင်းစီစဉ် ပေးသွားမည်ဖြစ်ရာ အနယ်နယ် အရပ်ရပ်မှ လာရောက်လေ့လာကြ မည့် လယ်ယာကဏ္ဍကို စိတ်ဝင် စားသူများအနေဖြင့် မျိုးကောင်း မျိုးသန့်မျိုးစေ့များ ထုတ်လုပ် အသုံးပြုခြင်းများနှင့် သက်ဆိုင် သည့် ဗဟုသုတများကို စုံလင်စွာ လေ့လာနိုင်ကြမည် ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီး နှင့်အဖွဲ့သည် ရေဆင်းတက္ကသိုလ် များနယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် အားကစားကွင်း တွင် ကျင်းပသည့် ဝန်ကြီးဌာန ဝန်ထမ်းများ၏ ပထမအကြိမ် ထုပ်ဆီးတိုး အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် ၍ အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များနှင့် ဦးစီးဌာန ကိုယ်စားပြု အသင်းများ၏ ထုပ်ဆီးတိုး အားကစားယှဉ်ပြိုင် မှုများကို ကြည့်ရှုအားပေး သည်။(အပေါ်ဝဲပုံ) **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေး ကြန့်ကြာမှုမရှိတင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေတစ်စီးဖြင့် နှာခေါင်းစည်း(Mask) ၈ ဒသမ ၄၀ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်း များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ် ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များ ကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက် ပေးထားကြောင်းသိရသည်။

**သတင်းစဉ်**

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် လူ့ရှင်တော်အသင်းနှင့် ကိုလူချောအဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

သုတဝေဖြာသီရိဂေဟာ မိသားစု ပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်အမှတ်(၅၄) ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက် ထုတ်လွှင့်မည်ဖြစ်သည်။




အဆိုပါ ပွဲစဉ်အမှတ် (၅၄) ၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို သရုပ်ဆောင် ထူးပြည့်အောင်နှင့် MRTV မှ မိုးဂျူလိုင်တို့က တင်ဆက်ကြမည် ဖြစ်ပြီး လူ့ရှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစု များ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယှဉ်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၈၊ ၁၉၊ ၂၀ ရက်နေ့များတွင် မြန်မာ့ အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD မှ ညနေ ၆ နာရီ သတင်းအပြီး တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့် အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

# တပ်မတော် (လေ) မှ တိုက်ခိုက်ရေးလေယာဉ် တစ်စင်း လေ့ကျင့်ပျံသန်းစဉ် စက်ချွတ်ယွင်း၍ ပျက်ကျမှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

တပ်မတော် (လေ) တံတားဦး လေတပ်စခန်းမှ ပုံမှန်လေ့ကျင့်ပျံသန်းလျက်ရှိသည့် တိုက်ခိုက်ရေး လေယာဉ် တစ်စင်းသည် ယနေ့နံနက်ပိုင်းတွင် လေ့ကျင့်ရေးဧရိယာ၌ လေ့ကျင့်ပျံသန်းစဉ် စက်ချွတ်ယွင်းမှုကြောင့် ပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ လေယာဉ်သည် လေ့ကျင့်ရေးဧရိယာ၌ ပုံမှန်လေ့ကျင့်ပျံသန်းမှုများ ဆောင်ရွက်စဉ် ယနေ့ နံနက် ၁၀ နာရီ ၄၃ မိနစ်ခန့်တွင် ဆက်သွယ်မှု ပြတ်တောက်ခဲ့သဖြင့် တပ်မတော်(လေ)မှ လေယာဉ်တစ်စင်းဖြင့် လိုက်လံရှာဖွေခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာ၏ အရှေ့ဘက်ရှိ ရေမျက်ကြီးအင်းအတွင်း၌ စက်ချွတ်ယွင်းကာ ပျက်ကျခဲ့သည့် အဆိုပါ လေယာဉ်ကိုတွေ့ရှိခဲ့ပြီး လေယာဉ်မှူးဖြစ်သူ ဗိုလ်ကြီး ဟိန်းထက်အောင်မှာ သေဆုံးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ လေယာဉ်ပျက်ကျမှု ဖြစ်ပွားသည့်နေရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်၍ အသေးစိတ်စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်




တပ်မတော် (လေ) မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ် စက်ချွတ်ယွင်း၍ ပျက်ကျမှုဖြစ်စဉ်နေရာပြပုံ။

# အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူများနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက် ထောက်ပံ့နေသူများကို ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာကားဝင်းနေ နိုင်လင်းအောင် (ခ) အီးကွဲ (ခ) ဒဗလျူ (ဘ) ဦးအောင်ဆန်းဝင်းသည် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁) ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ငွေကြေးကောက်ခံ ထောက်ပံ့ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း အကြမ်းဖက်သင်တန်း တက်ရောက်ခြင်း၊ လက်နက်၊ ခဲယမ်းများနှင့် လက်လုပ်ဗုံးများ သယ်ဆောင်ပေးခြင်းဖြင့် အကြမ်းဖက်ဗုံးခွဲ တိုက်ခိုက်မှုဆိုင်ရာ ပြစ်မှုကို ကျူးလွန်ခဲ့ခြင်းအတွက်ကြောင့်လည်းကောင်း၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အမှတ် (၂) သိင်္ဂီလမ်း ကျောင်းပိုင်း ရပ်ကွက်နေ အောင်ဘုန်းကျော် (ခ) ဇီးရိုးတူး (ဘ) ဦးရန်လင်းအောင်သည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့နယ်မြေအတွင်း အကြမ်းဖက်သင်တန်း တက်ရောက်ခြင်း၊ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာ အမှတ် (၂/၂၀၂၁) ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ငွေကြေးထောက်ပံ့မှုများ လက်ခံရယူခြင်းနှင့် ချုံခိုတိုက်ခိုက်ရာတွင် ပါဝင်ခဲ့ခြင်းဖြင့် အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက် အိုးအိမ် စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ (သို့မဟုတ်) တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင် အဆောက်အအုံကို ဖြစ်စေ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်ခဲ့ခြင်းကြောင့် လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ဈ) နှင့် ၅၀ (က) တို့အရ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ၎င်းတို့အား "ထောင်ဒဏ် တစ်သက်" ပြစ်ဒဏ် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။


နိုင်လင်းအောင် (ခ) အီးကွဲ


အောင်ဘုန်းကျော် (ခ) ဇီးရိုးတူး

စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန် ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့် ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက် ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပုလဲမြို့နယ် ဇီးဖြူကုန်းကျေးရွာ၌ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား PDF အမည်ခံအကြမ်းဖက်သမားများက လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး ၎င်းတို့ ဆုတ်ခွာထွက်ပြေးစဉ် ပြည်သူများ၏ နေအိမ်များ မီးရှို့ဖျက်ဆီး၊ အပြစ်မဲ့ပြည်သူ အမျိုးသား သုံးဦးနှင့် အမျိုးသမီးတစ်ဦးတို့ မီးလောင်သေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ဇီးဖြူကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား PDF အမည်ခံ အကြမ်းဖက်သမားများက ဖေဖော်ဝါရီ ၁၄ ရက် ည ၁၂ နာရီခွဲတွင် ကျေးရွာ၏ မြောက်ဘက်မှ လက်လုပ်စိန်ပြောင်း၊ တူမီးသေနတ်၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံ ပစ်ခတ်ခဲ့ရာ မိနစ် ၃၀ ခန့်အကြာတွင် အကြမ်းဖက်သမားများမှာ ကျေးရွာ၏ မြောက်ဘက်ရှိ ချောင်ဦးကျေးရွာဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့ဆုတ်ခွာထွက်ပြေးရာ လမ်းတစ်လျှောက်ရှိ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် ပြည်သူတို့၏ နေအိမ်များ မီးကူးစက် လောင်ကျွမ်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သော်လည်း ကျေးရွာရှိ အပြစ်မဲ့ ပြည်သူများ၏ နေအိမ် ၃၁ လုံး မီးလောင် ပျက်စီးဆုံးရှုံးပြီး အဆိုပါ ကျေးရွာနေ ဦးဖိုးညို (၄၁) နှစ် (ဘ) ဦးတင်လှိုင်၊ ဦးလှရွှေ (၆၅) နှစ် (ဘ) ဦးပေါက်၊ ဦးသန်းဆွေ (၆၆) နှစ် (ဘ) ဦးဖိုးစပ် နှင့် ဒေါ်တင်စု (၅၅) နှစ် (ဘ) ဦးကျော်သိန်းတို့ လေးဦးမှာ ၎င်းတို့၏ နေအိမ်များအတွင်း ပိတ်မိ၍ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

ထိုသို့ မီးလောင်ပျက်စီးခဲ့သည့် နေအိမ် ၃၁ လုံးမှ အိမ်ထောင်စု ၃၁ စု၊ ကျေးရွာနေပြည်သူ ၁၇၁ ဦးတို့အား ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းသို့ ရွှေ့ပြောင်းပို့ဆောင်ထားရှိခဲ့ပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များက နယ်မြေအတွင်း ပိတ်ဆို့စစ်ဆေးရှာဖွေခြင်းများ ဆက်လက်လုပ်ဆောင်ခဲ့ရာ အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် လက်လုပ်တူမီးသေနတ် တစ်လက်၊ လက်လုပ်ပစ္စတိုသေနတ် နှစ်လက်၊ ၄၀ မမ လက်လုပ် ဗုံးသီး ၁၃ လုံး၊ ၅.၅၆ ကျည် တစ်တောင့်၊ ၇.၆၂ ကျည် ကိုးတောင့်တို့ကို ကျေးရွာပတ်လမ်း၌ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထိုသို့ ကျေးရွာနေပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရေး လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးကာ လူ့အသက် သေဆုံးစေခဲ့သည့် အကြမ်းဖက်သမားများအား လုံခြုံရေး တပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများ အနေဖြင့် ၎င်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရွန်နစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်၌ အကောင့်ပိုင်ရှင် (စိစစ်ဆဲ) အသုံးပြုသည့် "Ye Khaung" Facebook အကောင့်နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၅၄)ရပ်ကွက်၊ ဖွဲ့ကပင်(၂)လမ်း၊ အမှတ်(၄၁၆)နေ သင်းသင်းခိုင် (၃၆) နှစ် အသုံးပြုသည့် "Thin Thin" Facebook အကောင့်တို့သည် အသိပေး သတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်ကျွန်းသစ်၊ သစ်မျိုးစုံ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်၊ စားသောက်ကုန်ပစ္စည်းမျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၃ ရက်တွင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးခဲ့ရာ ကျောက်စိမ်းအရိုင်းတုံးဆိုဒ်စုံ စုစုပေါင်းအလေးချိန် ၂၄၃ ကီလိုဂရမ် ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေဖြင့် အရေးယူ



ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဖေဖော်ဝါရီ ၁၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၊ အကောက်ခွန်ဦးစီးဌာနနှင့် တာဝန်ကျဌာနဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် စားသောက်ကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော MITSUBISHI Chariot အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄,၀၀၀,၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆,၂၅၀,၀၀၀) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဖေဖော်ဝါရီ ၁၅ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း အကောက်ခွန်အဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော လူသုံးကုန်ပစ္စည်းမျိုးစုံ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၃၃၄,၁၁၄) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ အကောက်ခွန်အဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အသည်းအားဆေးအထုပ် ၈၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄,၀၀၀,၀၀၀) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆) မိုင်ကျောက်ချော စစ်ဆေးရေးစခန်း တာဝန်ကျ အကောက်ခွန်အဖွဲ့နှင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းမျိုးစုံနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅,၆၅၇,၀၀၀) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းရှိ အကောက်ခွန်ဦးစီးဌာနနှင့် တာဝန်ကျဌာနဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် သွားရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ကြက်သားအမျှင်အထုပ် ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော FF-2856 (AD VAN) ယာဉ်အမျိုးအစား တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူ ဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးခဲ့ရာ ကျောက်ဖြူမြို့နယ်နှင့် သံတွဲမြို့နယ်တို့အတွင်း တရားမဝင်သစ်မျိုးစုံ (၁၁ ဒသမ ၁၄၈၀)တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၃၆၀) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဖေဖော်ဝါရီ ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များက သတင်းအရ သွားရောက်စစ်ဆေးရာ ပဲခူး၊ တောင်ငူနှင့် သာယာဝတီခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင် သစ်မျိုးစုံ ၁၅ ဒသမ ၂၀၆၀ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၄၀၄,၃၆၀) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးခဲ့ရာ အင်းတော်မြို့နယ်အတွင်း FLOYMO-125 TRACKE အမျိုးအစား လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀) နှင့် ဟုမ္မလင်းမြို့နယ်အတွင်း ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် အင်ဂျင်ငါးလုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀) ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၂၅၈၃၄) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်

**နတ်တလင်း ဖေဖော်ဝါရီ ၁၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နတ်တလင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးရုံးမှ လဝကမှူး ဒေါ်သက်သက်ထွန်းနှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် ဖေဖော်ဝါရီ ၁၅ ရက်က တာပွန် အ-ထ-က မှ ဒသမတန်းနှင့် နဝမတန်း ကျောင်းသား ကျောင်းသူ ၄၀ ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးကိုယ်စား ဆရာမ ဒေါ်အေးအေးမော်က လက်ခံရယူသည်။



**တင်မြင့်(နတ်တလင်း)**




# "ငွေနှင်းစိုစို သီချင်းချိုချို" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ ဂန္ဓဝင်နှင့် မျိုးဆက်သစ်တေးသံရှင်များ စုပေါင်းတင်ဆက်မည့် "ငွေနှင်းစိုစို သီချင်းချိုချို" တေးဂီတဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၁၈ ရက်(သောကြာနေ့) ည ၉ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို စန္ဒရားကွန်းဇော် တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် တင်ဦးလေး၊ ကေတုဝင်းထွဋ်တို့နှင့်အတူ တူယှဉ်ခွဲပျော်ဂီတပွဲတော်ပြိုင်ပွဲမှ မျိုးဆက်သစ် တေးသံရှင်များဖြစ်ကြသည့် ဇင်သူသူထွန်း၊ ချိုမီမီဇော်၊ မြတ်နိုးစံ၊ ဇော်ထွေးလတ်၊ ကြူကြူခိုင်၊ ဈာန်ထူး၊ ရေဂျီနားနှင့် ချမ်းဟိန်းဝင်းထွန်းတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဖေဖော်ဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# "လူငယ်အားမာန်မိုးထိလျှံ အငြိမ့်" ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ " လူငယ်အားမာန်မိုးထိလျှံ အငြိမ့်" ဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၁၉ ရက်(စနေနေ့) ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို ရွှေရှမ်းအောင်က စီစဉ်ပြီး မြန်မာပြည်သား ဖြူးစိန်(ဆိုင်း)၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး ဝမ်းကေဇင်၊ ရွှေထွက်မင်းသမီး သွန်းမုဒြာ၊ လူရွှင်တော်များဖြစ်ကြသည့် ဒိုးဒိုး၊ ပြည်ချစ်၊ ဖြိုးကြွယ်နှင့် ကော်ဖီတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဖေဖော်ဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲပိုင်း National News အင်္ဂလိပ်ဘာသာသတင်း အစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၇ ဆူ | ၁၅၆ ဆူ | ၅၇၁ ဆူ |
| ၂။ | ခမ္ဘာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၀. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၀၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၈၆**

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအလှူရှင်စာရင်း

| စဉ် | အမည် | မြို့ | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၂၀၂၀။ | နှစ်ဖက်သောမိဘများအား အမှူးထား၍ ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး ဒေါ်တင်မိုးနွယ် သားသမီးမြေးမြစ်မိသားစုကောင်းမှု (ကျောက်စာရုံစေတီ ၁ ဆူ ပထမအကြိမ်လှူဒါန်း) | နေပြည်တော် | ၂၀၀၀၀၀၀၀ |
| ၂၀၂၁။ | ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း (ငြိမ်း)(ဝန်ကြီးချုပ်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့)နှင့်ဇနီး ဒေါ်ကြည်ကြည်ထွန်း(သား)ဗိုလ်ကြီးရဲထွန်းဝင်းနှင့်ဇနီး ဒေါက်တာခိုင်ခင်ဖြူမိသားစု (ကျောက်စာရုံစေတီ ၁ ဆူ ဒုတိယအကြိမ်လှူဒါန်း) | နေပြည်တော် | ၁၀၀၀၀၀၀၀ |
| ၂၀၂၂။ | ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်နှင့်ဇနီး ဒေါ်သန်းသန်းအေးမိသားစုကောင်းမှု (ကျောက်စာရုံစေတီ ၁ ဆူ ဒုတိယအကြိမ်လှူဒါန်း) | နေပြည်တော် | ၁၇၉၀၀၀၀၀ |
| ၂၀၂၃။ | ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ/အရာခံ/အကြပ်/စစ်သည် မိသားစုများကောင်းမှု (ကျောက်စာရုံစေတီ ၁ ဆူ ပထမအကြိမ်လှူဒါန်း) | နေပြည်တော် | ၁၆၅၀၀၀၀၀ |
| ၂၀၂၄။ | အမှတ်(၂)ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်၊ တပ်မှူး ဗိုလ်မှူးကြီးအောင်ကျော်စိုး၊ ဇနီး ဒေါ်ကြည်ကြည်ခိုင်နှင့် အရာရှိ/အရာခံ/အကြပ်/စစ်သည် မိသားစုများ (ကျောက်စာရုံစေတီ ၁ ဆူလှူဒါန်း) | တောင်ငူမြို့ | ၂၇၉၀၀၀၀၀ |
| ၂၀၂၅။ | ဖခင်ကြီး ဦးအောင်သောင်းနှင့် မိခင်ကြီး ဒေါ်ခင်ခင်ရီတို့အားရည်စူး၍ (သား)ဗိုလ်ချုပ်ကြီးမိုးအောင်၊ ဦးနေအောင်၊ ဦးပြည်အောင်နှင့် (သမီး) မခင်ငုရီဖြိုးမိသားစု (ဂန္ဓကုဋိတိုက်၊ ကျောက်ထွင်းပန်းချီ၊ Solar စတုတ္ထအကြိမ်လှူဒါန်း) | ရန်ကုန်မြို့ | ၄၅၀၀၀၀၀ |
| ၂၀၂၆။ | ဦးသောင်းတင် (ညွှန်ကြားရေးမှူး-ငြိမ်း)၊ ဒေါ်ကြူကြူမြင့်(ဦးစီးအရာရှိ-ငြိမ်း)တို့အား အမှူးထား၍ မကွေးတိုင်းဒေသကြီး တိုင်း/ခရိုင်/မြို့နယ် စီမံကိန်းဦးစီးရုံးမိသားစု (Garden Light-၅ တိုင်လှူဒါန်း) | မကွေးမြို့ | ၆၀၀၀၀၀ |
| ၂၀၂၇။ | ဒေါ်သီတာအေး (စကျင်ကျောက်ပြား-၁ ကျင်းလှူဒါန်း) | ရပ်စောက်မြို့ | ၄၇၀၀၀၀ |
| ၂၀၂၈။ | ဦးဇေထွန်းနှင့်ဇနီး ဒေါ်စိုးစိုးမြင့် မိသားစု | မော်လမြိုင်မြို့ | ၃၀၀၀၀၀ |
| ၂၀၂၉။ | ဗိုလ်ကြီးကောင်းမြတ်နိုင် | မြိုင်ကလေးမြို့ | ၁၀၀၀၀ |
| ၂၀၃၀။ | ဗိုလ်ကြီးဆန်းဦး | မြိုင်ကလေးမြို့ | ၁၀၀၀၀ |
| ၂၀၃၁။ | ဗိုလ်ကြီးစိုးနိုင်ဝင်း(ငြိမ်း) နှင့်ဇနီး ဒေါ်မြင့်မြင့်သန်း (သား)မောင်ကောင်းခန့်ဝင်းမိသားစု (Garden Light-၁ တိုင်လှူဒါန်း) | ရန်ကုန်မြို့ | ၁၂၀၀၀၀ |
| ၂၀၃၂။ | ဒေါ်ဌေးဌေးမိသားစု | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၀၃၃။ | နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးမောင်မောင်ကျော်နှင့်ဇနီး ဒေါ်ချိုချိုမြင့်မိသားစု (စကျင်ကျောက်ပြား-၂ ကျင်း၊ ကွန်ကရစ် ၈ လက်မထု-၁ ကျင်း၊ ကြွေပြား-၁ ကျင်းလှူဒါန်း) | ရန်ကုန်မြို့ | ၁၅၀၀၀၀၀ |
| ၂၀၃၄။ | ဦးစိုးလွင်နှင့်ဇနီး ဒေါ်တင်အေး (သား) ဦးအောင်တင်စိုးနှင့်ဇနီး ဒေါ်ချစ်စုဝင်း (သား) ဦးစိုးမင်းသန့်နှင့်ဇနီး ဒေါ်သင်းနန္ဒာဝင့်၊ ဦးကျော်ဇောလင်းနှင့်ဇနီး (သမီး)ဒေါ်ချိုမာလွင်မိသားစုကောင်းမှု (အဝင်မုခ်ဦးငယ်ပထမအကြိမ်လှူဒါန်း) | ရန်ကုန်မြို့ | ၃၀၀၀၀၀၀ |
| ၂၀၃၅။ | ဦးမောင်ကြိုင်မိသားစု | လားရှိုးမြို့ | ၁၀၀၀၀၀ |
| ၂၀၃၆။ | ဦးစံသိန်းနှင့်ဇနီး ဒေါ်သိန်းဌေး (သား) ကိုကျော်စိုးဝင်း၊ ကိုမိုးဟိန်း(သမီး) မမို့မို့စံ၊ မမင်းမင်းစံ၊ မဇင်ဝေမင်း | ကျောက်ဆည်မြို့ | ၁၀၀၀၀၀၀ |
| ၂၀၃၇။ | ဦးမြတ်မင်းနှင့်ဇနီး ဒေါ်ဖူးပွင့်သွယ် (သမီး)မရွှန်းရတီဝင်း (၁၅)နှစ်မြောက်မင်္ဂလာနှစ်ပတ်လည် | နေပြည်တော် | ၁၅၀၀၀၀ |
| ၂၀၃၈။ | ဒုရဲမှူး လှမျိုးဦးနှင့်ဇနီး ဒေါ်စန်းယုယုထွန်း (သမီး)မဆောင်းရတီမိသားစု(၁၃-၁၂-၂၀၂၁)မွေးနေ့အလှူ (Garden Light-၁ တိုင်လှူဒါန်း) | နေပြည်တော် | ၁၂၀၀၀၀ |
| ၂၀၃၉။ | ဦးခင်မောင်ညွန့်နှင့် ဇနီး ဒေါ်ကြူကြူဝင်းမိသားစု | ပျဉ်းမနားမြို့ | ၁၀၀၀၀၀ |
| ၂၀၄၀။ | ဒေါ်ခင်ဝင်းမိသားစု | ပျဉ်းမနားမြို့ | ၅၀၀၀၀ |
| ၂၀၄၁။ | ဒေါ်ခင်မိုးမိုး | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၂၀၄၂။ | ဦးကျော်သူရနှင့်ဇနီး ဒေါ်နွယ်နီတင် (သား)ဗိုလ်ကြီးမြတ်သူအောင်၊ မောင်ဟိန်းစိုးသူမိသားစု ဒေါ်နွယ်နီတင်(၄၅)နှစ်ပြည့်မွေးနေ့ (Garden Light-၁ တိုင်လှူဒါန်း) | ကျောက်ဆည်မြို့ | ၁၂၀၀၀၀ |

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်သိန်း

အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တိုက်(C)၊ အခန်း(၇၀၄) နေ (ဝတ် လုံတော်ရ ဦးမောင်မောင်ထွန်း -ဒေါ်ခင်ခင် )တို့၏သမီး၊ (ဦးကျော်မောင် B.B.T.C.L) ၏ချစ်လှစွာသောဇနီး၊ ဒေါ်ခင်သိန်းဦး-(အငြိမ်းစား သံအမတ်ကြီး ဦးခင်မောင်စိုး)၊ ဒေါက်တာ ထွေးကျော်မောင်-(ဒေါက်တာမောင်မောင်) ခေတ္တကနေဒါနိုင်ငံတို့၏မိခင်၊ ဒေါ်ဝင်းဝါစိုး-ဦးဝဏ္ဏလွင်(ခေတ္တ-စင်ကာပူ နိုင်ငံ)၊ ဒေါ်သိန်းရင်စိုး-ဦးအောင်ခိုင်မင်း (ခေတ္တ-စင်ကာပူနိုင်ငံ)၊ (ဦးချစ်ရင်ထူး)၊ ဦးလင်းအောင်ချစ်-ဒေါ် ယုယုဝင်းထင်(ခေတ္တ-ကနေဒါနိုင်ငံ)တို့၏အဘွား၊ အောင်ခန့်စိုး၊ စိုးဝေယံလွင်၊ ကြယ်စင်လွင်၊ သင်းထင်မောင်၊ စန္ဒီထင်မောင်တို့၏ ဘွားဘွားကြီး ဒေါ်မြင့်မြင့်သိန်း အသက်(၉၉)နှစ်သည် ၁၄-၂-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၃:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး

## ဒေါ်နုခိုင်(ဘူးသီးတောင်)

ကျောင်းဆရာမကြီး(ငြိမ်း)

အသက် (၈၃)နှစ်

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နေ (ဦးသာဇံဖြူ-ဒေါ်သိန်းညွှန့်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးမောင်ထွန်းစိန်)၏ဇနီး၊ ဒေါ်ဒါအေးလှ၏အစ်မ၊ ဒေါ်အုန်းကြည်၊ ဒေါ်ခင်စောကြည်၊ ဦးစိုးရွှေ-ဒေါ်သန်းခင်၊ ဦးထွန်းထွန်းဝင်း-ဒေါ်နုနုရီ၊ ဒေါ်မိုးသူဇာခိုင်၊ ဦးကျော်မိုးထွန်း-ဒေါ်သင်းသင်းထွေး၊ ဦးကျော်သောင်းထွန်း-ဒေါ်ဖြူဖြူထွန်းတို့၏ကျေးဇူးရှင်မိခင်ကြီး၊ ဦးသုဘောဂ(သာသနဓဇ ဓမ္မာစရိယ)၏ ရဟန်းမယ်တော်၊ မြေး ခြောက်ယောက်တို့၏ အဘောင်ရှင် ဒေါ်နုခိုင် အသက်(၈၃)နှစ်သည် ၁၅-၂-၂၀၂၂ရက် (အင်္ဂါနေ့) ည ၈:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ၁၆-၂-၂၀၂၂ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း၊ သာသနာ့ ဒါယကာကြီး

## ဦးကျော်မင်း(ခ)ဦးညီညီ(ခ)မိုက်ကယ်ထွန်းလှိုင်

ရေကြောင်းအင်ဂျင်နီယာ

အသက်(၇၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ လှည်းတန်းလမ်းမ၊ အမှတ်(၂၁/၂၃)၊ အေးငြိမ်းသာအထူးကု ဆေးခန်းနေ (ဦးထွန်းလှိုင်-ဒေါ်မာ)တို့၏သားငယ်၊ (ဦးတင်စိန်-ဒေါ်ခင်တင့်) တို့၏သားသမက်၊ (ဦးမြင့်လင်း-ဒေါ်ခင်ညွန့်)၊ ဦးမောင်မောင်-ဒေါ်သန်းသန်းတိုး(ရတနာထွန်းစတိုး နှင့်သက်န်းတိုက်)တို့၏ မောင်/ညီ၊ ဦးစိုးထွန်း(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ချိုချိုမာ တို့၏ အစ်ကိုကြီး၊ (ဦးရန်နိုင်ထွန်း)-ဒေါ်စိုးမမဝင်း၊ ဒေါ်ရတနာကျော်၊ ဦးစံဝေဖြိုး-ဒေါ်လွင်မေအောင်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ Hugh သူရိန်ဝေဖြိုး၊ သူရိယဝေဖြိုး၊ အောင်ဇေနိုင်ထွန်းတို့၏ ချစ်လှစွာသောဘိုးဘိုးကြီး၊ ဒေါ်ရီရီငွေး(တရားလွှတ်တော်ရှေ့နေ)၏ ချစ်လှစွာသော ကျေးဇူးရှင် ခင်ပွန်း ဘုရား၊စေတီ၊ ရဟန်း၊ သိမ်၊ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်း၊ ဆေးပေးခန်းနှင့်မြေ၊ အလယ်တန်းကျောင်းဆောင်၊ မြေ၊ အထက်တန်း ကျောင်းနှစ်ထပ်တိုက်၊ စာကြည့်တိုက်နှင့်မြေ၊ လမ်း၊ ရေတွင်း၊ ရေကန်၊ နိုင်ငံခြား ပညာသင်ဘုန်းတော်ကြီးများနှင့် ရဟန်းဒါယကာ အလှူရှင်နှင့် သာသနာ့ ဒါယကာကြီး ဦးကျော်မင်း(ခ) ဦးညီညီ(ခ)မိုက်ကယ်ထွန်းလှိုင်(ရေကြောင်းအင်ဂျင်နီယာ) အသက်(၇၄)နှစ်သည် ၁၄-၂-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၁၀:၃၀နာရီတွင် နှလုံးရောဂါဖြင့် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၂၂ ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၁၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၂-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ်-၄၄၀နေ ဦးစောအောင်နိုင်(ခ)ဦးအောင်နိုင်၏ လွှဲအပ်ညွှန်ကြားချက်များအရ အများသိရှိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ်-၄၄၀(မြေညီ+ပထမထပ်) တူရိယာပစ္စည်းအရောင်း ဆိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ်-၄၃၈ (၄လွှာ-ဝဲဘက်ခန်း)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ်-၄၃၈(၅ လွှာ-A+B နှစ်ခန်းတွဲ) စသည့်တိုက်ခန်းများနှင့် တူရိယာပစ္စည်းအရောင်းဆိုင်တို့မှာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစောအောင်နိုင်(ခ)ဦးအောင်နိုင် လက်ရှိပိုင်ဆိုင်နေထိုင်လုပ်ကိုင်လျက်ရှိသော တိုက်ခန်းများနှင့်လုပ်ငန်းဖြစ်ပြီး မည်သူ တစ်ဦးတစ်ယောက်ကိုမျှ တည်ဆဲဥပဒေနှင့်အညီ မှတ်ပုံတင်စာချုပ်စာတမ်းများချုပ်ဆို၍ အပြီးအပိုင်လက်ရောက်လွှဲပြောင်းပေး အပ်ခဲ့ခြင်းမရှိခဲ့ပါ။

ယခုအခါ ကျွန်ုပ်မိတ်ဆွေ၏ဇနီး ဒေါ်နီနီအေးနှင့် သမီး ဒေါ်မေပွင့်ဖြူတို့သည် ကျွန်ုပ်မိတ်ဆွေက ထိန်းသိမ်းထားရန် အပ်နှံထားသော ငွေကြေးအမြောက်အများကို ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်မရှိပဲ သုံးစွဲခဲ့သလို ကျွန်ုပ်မိတ်ဆွေအား သမီးဖြစ်သူ ဒေါ်မေပွင့်ဖြူနှင့် သမက်လင်းလင်းထွန်းတို့က ကိုယ်ထိလက်ရောက်ရိုက်နှက်ခဲ့ပြီးမြောက် ပယ်ဖျက်ခဲ့သော ၁၆-၆-၂၀၁၃ရက်စွဲပါ ပုံသေပေးအပ်ခြင်း အရပ်စာချုပ်ချုပ်ဆိုခဲ့ခြင်းကိုအခြေခံ၍ အထက်ဖော်ပြပါတိုက်ခန်းများနှင့်လုပ်ငန်းကို ၎င်းတို့လက်ရောက်ရရှိပြီးဖြစ်ကြောင်း ၅-၂-၂၀၂၂ ရက်ထုတ် ကြေးမုံသတင်းစာတွင် ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရှိပဲ လူအများထင်ယောင်ထင်မှားဖြစ်စေရန် ကြေညာ ခဲ့ပါသည်။

သို့ဖြစ်ပါ၍ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ်-၄၄၀(မြေညီ+ပထမထပ်)တူရိယာပစ္စည်းအရောင်း ဆိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ်-၄၃၈ (၄လွှာ-ဝဲဘက်ခန်း)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေ ရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ်-၄၃၈(၅လွှာ-A+B နှစ်ခန်းတွဲ) စသည့်တိုက်ခန်းများနှင့် တူရိယာပစ္စည်းအရောင်းဆိုင်တို့သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစောအောင်နိုင်(ခ)ဦးအောင်နိုင်လက်ရှိပိုင်ဆိုင်နေထိုင်လုပ်ကိုင်လျက်ရှိသော တိုက်ခန်းများနှင့် လုပ်ငန်းများ သာဖြစ်ကြောင်း၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ တည်ဆဲဥပဒေနှင့်အညီ မှတ်ပုံတင်စာချုပ်စာတမ်းများချုပ်ဆို၍ အမည်ပြောင်းလဲ အပြီးအပိုင်လက်ရောက်လွှဲပြောင်းပေးအပ်ထားခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဒေါ်ဖြူဖြူဝင်း (LL.B)၊ အထက်တန်းရှေ့နေ၊ စဉ်-(၃၄၃၀၀/၂၂-၉-၂၀၁၁)**

**အမှတ် (၁၃/အေ)၊ ပထမထပ်၊ ၁၆၄လမ်း၊ တာမွေကြီး (ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ဖုန်း-၀၉-၇၉၅၄၉၉၈၂၈၊ ၀၉-၄၄၂၅၂၁၉၂၆**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၂၆၁၆၁ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်အေး ၁၄/ပသန(နိုင်)၂၃၀၁၇၃ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းရုံး(ပုသိမ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 7J/1728 ယာဉ်အမည်ပေါက်သူ ဦးအောင်ကျော်ဖြိုး ၇/တငန(နိုင်)၁၃၅၂၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(တောင်ငူ)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၇၁၂၆၅ New Anbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူမြင့် ၇/ရတန(နိုင်)၀၆၇၆၂၄ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဗိုလ်မှူးကြီးဝင်းမြင့်(ငြိမ်း) @ Alfred Mg Gyi

လေ-၁၀၈၁၊ သူရဲကောင်းမှတ်တမ်းဝင်

စစ်သံမှူး (ကြည်း-ရေ-လေ)(ငြိမ်း)

အသက် (၉၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ (ဦးမောင်ကြီး မိတ္ထီလာမြို့၊ ခရိုင်ရာဇဝတ်ဝန်-ဒေါ်လှခင်)တို့၏သား (ကျောင်းအုပ်ကြီး ဦးမောင်မောင်ကြီး-ဒေါ်ခင်ညွန့်၊ ဦးဝိစာရလမ်း)တို့၏သားသမက်၊ (ဒေါ်ခင်စုစု @ Gladys Gyi)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဆန်နီဝင်းမြင့်-ဒေါက်တာ ညွန့်ညွန့်သန်း၊ ဒေါ်ခင်မီမီဝင်း-ဦးပေါ်လွင်စိန် (အဖွဲ့ဝင်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်)၊ (ဦးကျော်လွင်)၊ ဒေါ်ခင်စိမ်းဝင်း-ဦးမော်လွင်စိန်၊ (ဦးကျော်ရဲမင်း @ ဖိုးကျော်၊ နိုင်ငံခြားရေး)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ ရတနာခိုင် @ Wendy၊ အိရွှေစင်သော် @ Honey+ဘုန်းကျော်၊ မဥ္ဇူစိန် @ Vicki၊ ပြည့်ဖြိုးမော် @ Bunny တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၅-၂-၂၀၂၂ရက် နံနက် ၁၀:၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၃:၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

(COVID-19 ကာလဖြစ်သဖြင့် ကိုယ်တိုင်လာရောက် မေးမြန်းခြင်းများကို ခွင့်လွှတ်နားလည်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

**ကျန်ရစ်သူ သား၊ သမီးမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဖွမ်ရှုဝါ(ခ)ဦးအေးမောင်

(လက်ဝါး)

အသက် (၈၉)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ နှင်းဆီကုန်းလမ်း၊ အမှတ်(၉၆)နေ (ဦးဖွမ်ချိုင်အိတ်-ဒေါ်အင်ဘီ) တို့၏သား၊ ဒေါ်စန်းစန်းမေ၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါက်တာ သီတာအေး၊ ဒေါက်တာခင်မောင်အေး-ဒေါက်တာ ဝင်းပပ၊ ဒေါ်နွယ်နီအေး၊ ဦးသင်းမောင်အေး-ဒေါ်ဆွေဇင်ငြိမ်းတို့၏ချစ်လှစွာသောဖခင်၊ မမေသန္တာ၊ မောင်ဇင်သန့်တို့၏အဘိုး ဖွမ်ရှုဝါ(ခ)ဦးအေးမောင် သည် ၁၃-၂-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉:၂၀ နာရီတွင် ဘဝတစ်ပါးသို့ အေးချမ်းစွာ ကူးပြောင်းသွားပြီဖြစ်ပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း

## လေ ၃၅၈၆ ဗိုလ်ကြီး ဟိန်းထက်အောင်

အသက် (၃၃)နှစ်

လေ ၃၅၈၆ ဗိုလ်ကြီး ဟိန်းထက်အောင် အသက် (၃၃) နှစ်သည် ၁၆-၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့)တွင် တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(လေ)အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုများ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေကွက်အမှတ်(၃၂၂၁၃)၊ မြစ်သာ(၃)လမ်း၊ ဝဏ္ဏဒီပရပ်ကွက်၊ အကျယ်အဝန်းပေ( ၄၀x၆၀)မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံအား ပိုင်ဆိုင်ထားသူ ဦးကျော်မင်းသက်(ဘ)ဦးတက်စိန် ၁၂/ရပသ(နိုင်) ၀၆၄၂၉၃ထံမှ ကျွန်ုပ် ဦးဝင်းမြင့်(ဘ) ဦးစံတင် ၇/ဖမန(နိုင်) ၀၆၃၅၂၁သည် မြေကွက် ပိုင်ဆိုင်မှု မူရင်းစာရွက်စာတမ်းများဖြင့် တည်ရှိ နေသော ဤမြေကွက်အား ဝယ်ယူရန် အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းမြင့် ၇/ဖမန(နိုင်)၀၆၃၅၂၁**

**ဖုန်း-၀၉-၆၉၁၀၅၅၅၉၆**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၂၉/၂)၊ဦးပိုင်အမှတ်(၁၀/၉)၊ မြေရေိယာ(၀ဒသမ၀၄၆)ကေရှိမြေကွက်အား မူလက ဒေါ်စီအမည်ဖြင့်(၂၂-၉-၂၀၁၄)ရက်အထိ (၁၅)နှစ်ဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ မိခင်ဒေါ်စီနှင့် ဖခင်ဖြစ်သူတို့မှာ အသီးသီးကွယ်လွန်ခဲ့ကြပြီး အမွေဆက်ခံရန်ကျန်ရှိသည့် သား/သမီး (၂)ဦးဖြစ်သည့် ဒေါ်ယဉ်ယဉ်မိုးနှင့် ဦးမင်းထွေးအောင်တို့မှ (၂၃-၉-၂၀၂၁)ရက်တွင် စာချုပ်မှတ်ပုံတင်အမှတ် ၁၃၃/၂၀၂၁ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပြီး အဆိုပါ မြေငှားဂရန်အား (၁၃-၁၀-၂၀၂၀)ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် ၁၆၁/၂၀၂၁ဖြင့် ၎င်းတို့၏အထူးကိုယ်စားလှယ်စာရရှိသူက ရောင်းချသူ အဖြစ်ဆောင်ရွက်ခဲ့ရာ ဦးကြည်လေးမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ဦးကြည်လေး ၁၂/မဂတ(နိုင်) ၀၈၉၄၈၁အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှု အပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှု အား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**မြစ်ကြီးနားမြို့**

## အများသိစေရန်

မြစ်ကြီးနားမြို့၊ မြို့မရပ်ကွက်၊ အကွက်အမှတ်-၄ မြေကွက်ပေါ်တွင် ကချင်ပြည်နယ် အများပိုင်ကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောက်လုပ်ပြီးစီးခဲ့သည့် အဆင့်မြင့်လူနေဈေးဆိုင်ခန်း၊ မြေညီထပ်အပါဝင် အလွှာပေါင်း (၃)ထပ်ခွဲ ပါဝင်သည့် ဈေးဆိုင် ခန်းအမှတ်-၉၊ ယင်းဈေးဆိုင်ခန်းနှင့်စပ်လျဉ်းသည့် အချိုးကျမြေပိုင်ဆိုင်မှုအပါဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဦးကိုကိုဦး ၁/ပတအ (နိုင်)၀၁၇၁၁၀နှင့် ဒေါ်နန်းသန်းအေး ၁/မကန(နိုင်) ၀၇၅၀၂၈တို့နှစ်ဦးမှ ၂၀၂၁ ခုနှစ်ကတည်းက ပူးတွဲဝယ်ယူကာ ယနေ့ချိန်ထိ လက်ရှိထားပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဖော်ပြပါ အဆင့်မြင့်လူနေဈေးဆိုင်ခန်းအမှတ်-၉ အပါဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်း ရောင်းချရန် စရန်ငွေတစ်စိတ်တစ်ပိုင်းအား ဦးကိုကိုဦးနှင့် ဒေါ်နန်းသန်းအေးတို့က ဝယ်ယူသူထံမှ လက်ခံရယူထားပြီးဖြစ်ပါသည်။ အဆိုပါအဆင့်မြင့်လူနေဈေးဆိုင်ခန်း လွှဲပြောင်းရောင်းချမှုအား ကန့်ကွက်လိုပါက ယနေ့သတင်းစာ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက် အတွင်း ဦးကိုကိုဦးနှင့် ဒေါ်နန်းသန်းအေးထံသို့ လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက် ကျော်လွန်သည့်တိုင်အောင် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အဆိုပါအဆင့်မြင့်လူနေဈေးဆိုင်ခန်း လွှဲပြောင်းရောင်းချမှုအား ဥပဒေနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးကိုကိုဦး ၁/ပတအ(နိုင်)၀၁၇၁၁၀** | **ဒေါ်နန်းသန်းအေး၁/မကန(နိုင်)၀၇၅၀၂၈** |
| **အမှတ်(၂၀) အင်ဂျန်ဒုံမြောက်၊** | **အမှတ် (၄၇/ခ) မြို့သစ်ရပ်ကွက်၊** |
| **တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့၊** | **မြစ်ကြီးနားမြို့၊ ဖုန်း-၀၉-၂၄၀၁၁၆၀** |
| **ဖုန်း-၀၉-၄၄၀၂၅၈၂၂၄** | |

### ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ကျော်မိုးထွန်း-မသင်းသင်းထွေးတို့၏မိခင်ကြီး ဒေါ်နုခိုင်(ဘူးသီးတောင်) အသက် (၈၃)နှစ်သည် ၁၅-၂-၂၀၂၂ရက် (အင်္ဂါနေ့) ည ၈:၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြအပ်ပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ် (၃၅)မှ သူငယ်ချင်းမိသားစုများ**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4D/4967, TOYOTA HILUX SURF KZN 185, S/W (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးဗိုလ်ဝင်း ၅/ဒပယ(နိုင်)၀၆၁၁၂၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေရေိယာ(၀ဒသမ၀၅၂) ဧကရှိ ဒေါ်မာမာလွင် ၇/ပမန(နိုင်) ၀၉၅၄၀၀(ဘ)ဦးကျော်လွင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၀၅၂၃)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၉၄/၂၀၂၁(၂-၇-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက် ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ချစ်ချစ်စံ ၉/မနမ(နိုင်) ၁၁၆၄၆၃(ဘ)ဦးမြင့်သိန်းမှ ဒေါ်အေးသိန်း ၁၂/လကန(နိုင်) ၀၁၉၀၄၄နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနကွပ်ကဲမှုအောက်ရှိ နေပြည်တော်မြို့မဈေးမှ ဆိုင်ခန်းအမှတ် (A-၄၃)ဒေါ်လှလှမိုး ၈/မကန(နိုင်) ၀၀၄၇၆၁ အမည်ဖြင့် ထုတ်ပေးထားသော ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်မှာ ပျောက်ဆုံးသွားပါသဖြင့် ဈေးဆိုင်ခန်း အငှားချထားခြင်းလိုင်စင်ကတ်(မိတ္တူမှန်)ထုတ်ယူ ခွင့်ပြုပါရန် ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင် ကတ်(မူရင်း)ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ(မူရင်း)၊ ရဲစခန်းထောက်ခံချက်(မူရင်း)၏နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)၊ အိမ်ထောင်စုဇယား(မိတ္တူ)များတင်ပြပြီး ဈေးဆိုင်ခန်း အငှားချထားခြင်းလိုင်စင်ကတ်(မိတ္တူမှန်)လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစပြီး ၁၄ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဒေါ်လှလှမိုး အမည်ဖြင့်ထုတ်ပေးထားသော ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်( မူရင်း) အားပယ်ဖျက်၍ ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ် (မိတ္တူမှန်)ထုတ်ပေးသွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံတော်တာဝန်ကို ဆက်လက်ထမ်းဆောင်မည့်အခြေအနေ

❖ နိုင်ငံမငြိမ်မသက်ဖြစ်ခြင်းရဲ့ အကျိုးဆက်များဟာ ကမ္ဘာတစ်ဝန်းမှာ နမူနာပေါင်း များစွာရှိနေပါတယ်။

❖ တပ်မတော်ဟာ ကိုယ်ကျိုးရှာသည့်အဖွဲ့၊ အဖွဲ့အစည်းတစ်ခုအတွက် တည်ရှိနေသော အဖွဲ့အစည်း မဟုတ်ပါဘူး၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံးကို အကာအကွယ်ပေးဖို့ တည်ရှိတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် နိုင်ငံ့ကာကွယ်ရေးတာဝန်များကို ပြည်သူနဲ့ပူးပေါင်းပြီး ဦးလည်မသုန် ဆောင်ရွက်ခဲ့သလို ယခု ၁၀ နှစ်အတွင်းမှာလည်း ပါတီစုံဒီမိုကရေစီ လမ်းကြောင်း ပီပြင်ခိုင်မာရေးအတွက် တတ်စွမ်းသလောက် သစ္စာရှိရှိ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလမ်းစဉ်အတိုင်း ကတိတည်စွာနဲ့ ဆောင်ရွက်သွားမယ်ဆိုတာ ပြောလိုပါတယ်။

❖ ဖြစ်ပေါ်နေတဲ့အခြေအနေတွေကို ခြုံငုံသုံးသပ်ကြည့်ပါက ပြည်တွင်း/ပြည်ပ အကြမ်းဖက်သမားတွေနဲ့ ၎င်းတို့ကိုအားပေးနေတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေရဲ့ လိုလားချက်မှာ ဒီမိုကရေစီထက် မြန်မာနိုင်ငံအလုံးစုံပျက်သုဉ်းရေးကိုသာ ဦးတည်နေပါတယ်။ နိုင်ငံတော်ကာကွယ်ရေးမှာ ပြည်သူများကို ကာကွယ်ရန်ဖြစ်ပြီး မင်းမဲ့စရိုက် အဖြစ်မခံနိုင်ပါဘူး။ လျစ်လျူရှုလို့လည်း မရပါဘူး။ ဒါကြောင့် အချို့နေရာများမှာ စွန့်စားပြီး ပေးဆပ်ကာကွယ်ရခြင်းဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (၁) နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၄ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုပန်းတိုင် (၁၄) ဖြစ်သည့် ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတကာနှင့်ရင်ပေါင်တန်း လက်တွဲပူးပေါင်းဆောင်ရွက်နေ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❖




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ယနေ့ သတင်း အညွှန်း

ထိရောက်မှန်ကန်မှု ရှိသည့် တိုင်ကြားစာများ ဖြစ်စေလို
ဆောင်းပါး စာ - ၁၀

ငြိမ်းချမ်းရေးတံဆိပ်ကပ်ပေးမယ့် အလုံးစုံပျက်သုဉ်းရေး လက်နက်တစ်ခု နိဘယ်ဆု
ဆောင်းပါး စာ - ၁၆

တပ်မတော်(လေ)မှ တိုက်ခိုက်ရေး လေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ် စက်ချွတ်ယွင်း၍ ပျက်ကျမှုဖြစ်ပွား
ပြည်တွင်းသတင်း စာ - ၂၂

